# ခေတ်ပြိုင်

## သတင်းလွှာ



- ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်း
- သတင်းအတို
- ပညာရှိအဆိုအမိန့်
- ဟာသ
- ဗေဒင်
- အားကစား
- အနုပညာ

အတွဲ(၄)၊အမှတ်(၂၉)။ ၂၀၁၀ ခုနှစ်၊ဇူလိုင်လ(၂)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## နိုင်ငံရေးပါတီများ တရားဝင်ပါတီဝင်စုဆောင်းခွင့်စတင်ရရှိ

မြန်မာနိုင်ငံအစိုးရ၏ မူဝါဒလမ်းစဉ်ခုနစ်ချက်အရ ယခုနှစ်အတွင်း ကျင်းပမည့် ၂၀၁၀ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများအား သတ်မှတ် ပါတီဝင် ဦးရေပြည့်မီရေးအတွက် ပါတီဝင်စုဆောင်းရန်ခွင့်ပြုလိုက်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်လိုက်သည်။ ပါတီဝင်စုဆောင်းရာတွင် စုဝေးဟော ပြောခြင်းနှင့်ရေးသားပုံနှိပ်ထုတ်ဝေခြင်းတို့ဖြင့် ဆောင်ရွက်ခွင့် ပြုခဲ့ပြီး စုဝေးဟောပြောပွဲများပြုလုပ်ရန်အတွက် သက်ဆိုင်ရာကော်မရှင်ရုံးခွဲများသို့ ခုနစ်ရက်ကြိုတင် အကြောင်းကြားရ မည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်တွင်ဖော်ပြသည်။ "ကျွန်တော်တို့မြို့နယ်ရုံးတွေဖွင့်ဖို့ ရွေးကောက်ပွဲကော်မရှင်ကို တရားဝင်အကြောင်းကြားပြီးမှ မြို့နယ်ရုံးဆိုင်းဘုတ်တင်အခမ်းအနားကိုလုပ်တာပါ။ ဒီအခမ်းအနားမှာလည်း နိုင်ငံရေးအတွေးအမြင် ဖလှယ်တာ၊ ပါတီမူဝါဒ ရှင်းပြတာတွေကို လုပ်ပါတယ်" ဟု မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအထွေထွေအတွင်းရေးမှူးဦးနေမျိုးဝေက ဆိုသည်။ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ ဖြစ်ပါ က ပါတီဝင် ၅၀၀ အနည်းဆုံးရှိရမည်ဖြစ်ပြီး ပြည်ထောင်စု တစ်ဝန်းလုံးကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီဖြစ်ပါက အနည်းဆုံး ပါတီဝင်အင်အား ၁၀၀၀ရှိရမည်ဖြစ်ရာ ၂၀၁၀ရွေးကောက်ပွဲ ဝင်မည့် နိုင်ငံရေးပါတီများမှာ သတ်မှတ်အနည်းဆုံး ပါတီဝင်ဦးရေ ပြည့်မီရေးတိုင်းဒေသကြီးများသို့ဆင်း၍ စည်းရုံးရေးစတင်လုပ်ဆောင်နေကြပြီဖြစ်သည်။ ပြည်ထောင်စုဒီမိုကရေစီပါတီ အတွက် လတ်တလောဦးစားပေးလုပ်ငန်းမှာ ပါတီဝင်ဦးရေ ၁၀၀၀ရရှိရေးဖြစ်ကြောင်း ၊ မြို့နယ်ရုံးဖွင့်လှစ်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းရရှိရေးမှာ ဒုတိယနှင့်တတိယဦးစား ပေးလုပ်ငန်းများဖြစ်ကြောင်း ယင်းပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးသိန်းတင်အောင်ကဆိုကြောင်း၂၀၁၀ခုနစ် ဇွန်လ ၂၈ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပုဂ္ဂလိကဘဏ်များတွင် Debit Card များသုံးစွဲရန်ရှိ

ဘဏ်စာရင်းတွင် ထည့်သွင်းထားသောငွေကြေးပမာဏအတိုင်းအတာအတွင်း ငွေထုတ်ယူခြင်းပြုလုပ်နိုင်မည့်အပြင် အွန်လိုင်းမှငွေကြေးလွှဲပြောင်းမှု ပြုလုပ်နိုင်မည့် Debit Card များကို မကြာမီပေါ်ပေါက်လာမည့် ပုဂ္ဂလိကဘဏ်များတွင် သုံးစွဲလာကြရန်ရှိကြောင်း ထိုဘဏ်အချို့အတွက် လိုအပ်သည့် ဟာ့ဒ်ဝဲပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနေသော Micro Peacock ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ကုမ္ပဏီအနေဖြင့်အဆိုပါ Debit Card များတွက်ဝန်ဆောင်မှုကို ဆော့ဖ်ဝဲပိုင်းဆိုင်ရာပံ့ပိုးပေးသည့် ACE ကုမ္ပဏီနှင့်ပူးပေါင်း ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ ပုဂ္ဂလိကဘဏ်များတွင် အသုံးပြုမည့် Debit Card စနစ်မှာ ATM စနစ်သုံးစက်များဖြင့် တွဲဖက်သုံးစွဲမည့် Smart Card အမျိုးအစားဝင် Debit Card ဖြစ်ပြီး ငွေသွင်း၊ ငွေထုတ်ခြင်းများကို အလိုအလျောက်လည်း ဝင်ရောက်စစ်ဆေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ Debit Card များနှင့် ပတ်သက်၍ နည်းပညာကျွမ်းကျင်သူတစ်ဦးက Debit Card များအနေဖြင့် ဘဏ်တစ်ခုတည်းအောက်တွင်ရှိသည့် ဘဏ်အကောင့်များဆီသို့သာ ငွေကြေးလွှဲပြောင်းနိုင်ရုံသာမက အခြားဘဏ်များအောက်တွင်ရှိသောဘဏ်အကောင့် များကိုလည်း လွှဲပြောင်းနိုင်ပါက သုံးစွဲရာတွင်ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ဆိုသည်။ အဆိုပါ Debit Card များပေါ်ပေါက်လာမည့် အနေအထားနှင့် ပတ်သက်၍ ကေအမ်ဒီကွန်ပျူတာ ဂရုပ်ဥက္ကဋ္ဌ ဦးသောင်းတင်ကလည်း "နိုင်ငံတကာက ဘဏ်တွေမှာ Credit Card ကို သုံးစွဲနေပေမယ့် Debit Card ဟာလည်း အဆင်ပြေစေပါတယ်။ Credit Card ဟာ Life မှာ Mana -gement မလုပ်တတ်ခဲ့ရင် အခက်အခဲတွေကြုံတွေ့နိုင်ပါတယ်။ ဘဏ်တွေဘက်ကလည်း အန္တရာယ်များတယ်။ ဒီမှာက Family Business တွေနဲ့သွားနေတာဆိုတော့ Debit Card တွေက အဆင်ပြေတယ်။ Card တွေရလာရင် Physical Process မရှိဘဲနဲ့ Online Complete ဖြစ်နိုင်တယ်။ ဒီတော့ e-Commerceအသွင်အပြင်လည်း ပြောင်းလာနိုင်တယ်။ အားနည်း ချက်အနေနဲ့ကတော့ Security ပိုင်းပေါ့"ဟု သုံးသပ်သည်။ ထိုကဲ့သို့ Debit Card များ ပေါ်ပေါက်လာသည့်အချိန်တွင် သုံးစွဲသူများအနေဖြင့်လည်း အွန်လိုင်းနှင့်ပတ်သက်၍ရင်းနှီးကျွမ်း ဝင်မှုများရှိလာသည့်အတွက် ဘဏ်များအတွက် ဈေးကွက်အခြေအနေကောင်းနိုင်ကြောင်း ၂၀၁၀ခုနစ် ဇူလိုင်လ ၁ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။ ရန်ကုန် ဆိပ်ကမ်းသို့ သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရေးအတွက် ရန်ကုန်မြစ်ကြောင်းကို ပြုပြင်ရန် ထိုင်းကုမ္ပဏီတစ်ခုက ကမ်းလှမ်း  ကမ်းလှမ်းချက်တွင် ပါဝင်သည့်အချက်များ ဖြစ်နိုင်ချေ ရှိ ၊ မရှိ လေ့လာမှုများပြုလုပ်မည်ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောကြီးများဝင်ထွက် သွားလာနိုင်ရေးအတွက် ရန်ကုန်မြစ်ကြောင်းကို ပြုပြင်ရန် ထိုင်းကုမ္ပဏီတစ်ခုက တာဝန်ယူလုပ် ဆောင်ရန် ကမ်းလှမ်းထားကြောင်း သတင်းရရှိပါသည်။ ရန်ကုန်ဆိပ်ကမ်းသည် river port တစ်ခုဖြစ်သောကြောင့် ရေစူးနက်သော ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ် နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ထို့အပြင် Monkey point ဟုခေါ်သော အတွင်းသောင်ခုံနှင့် Elephant point ဟုခေါ်သော အပြင်သောင်ခုံများ ပါရှိနေရာ ရန်ကုန်မြစ်အတွင်း ဝင် ရောက်မည့် သင်္ဘောကြီးများသည် ပင်လယ်ဒီရေတက်ချိန်ကို စောင့်၍ သွားလာရကြောင်း သိရသည်။ ရန်ကုန်မြစ်တွင် သင်္ဘောကြီးများ သွားလာရလွယ်ကူ အဆင်ပြေစေရန်အတွက် ထိုင်းကုမ္ပဏီတစ်ခုမှ မြစ်ကြောင်းပြုပြင်ရန် လာရောက်ကမ်းလှမ်းမှုများ ရှိနေပြီး လက်ရှိအချိန်ထိမူ အဆိုပါ ကမ်းလှမ်းမှုအား လက်သင့်ခံခြင်း ရှိ၊ မရှိ တိကျစွာ မသိရှိရသေးကြောင်း သိရသည်။ အဆိုပါ ကမ်းလှမ်းချက်တွင် ပါရှိသည့်လုပ်ဆောင်မည့် အချက်များနှင့် ဖြစ်ပေါ်နိုင်သည့်အကျိုးအပြစ်များအား ရေကြောင်းဆိုင်ရာကျွမ်းကျင်ပညာရှင်များက လေ့လာမှုပြုလုပ် ရန်လည်း ရှိကြောင်း သိရသည်။ အဆိုပါ လေ့လာမှုပြုလုပ်မည့် ပညာရှင်များတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာ့ရေကြောင်းပညာတက္ကသိုလ် စသည်တို့မှ ရေကြောင်းဆိုင်ရာကျွမ်း ကျင်သူများ ပါဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။ " ထိုင်းကုမ္ပဏီက ပြောလာတဲ့ အချက်တွေကိုကြည့်ပြီး ဒါဟာဖြစ်နိုင်ခြေရှိ၊ မရှိ ပြန်ပြီး လေ့လာသွားရမှာပါ။ဥပမာပြောရရင် သောင် ခုံနှစ်ခုကိုတူးလိုက်ရင် ရေစူးများတဲ့ သင်္ဘောတွေ ဝင်နိုင်မှာလား။ ဒီလိုလုပ်လို့ မြစ်ကြောင်းကိုဘယ်လိုသက်ရောက်လာမလဲ။ သောင်တူးတယ်ဆိုတာကလည်း လနဲ့ချီကြာမှာလေစသည် ဖြင့်ပေါ့။ ဒါတွေကို သုံးသပ်လေ့လာသွားမှာပါ " ဟု မြန်မာ့နိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဆရာတစ်ဦးက ပြောပြခဲ့သည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လက်အောက်ရှိ ရန်ကုန်ဆိပ် ကမ်းများအား ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုမှုနှင့်အတူ ရန်ကုန်မြစ်အတွင်းရှိ အတွင်းစည်းခုံနှင့်အပြင်စည်းခုံ သောင်တူးခြင်းလုပ်ငန်း၊ ရေလမ်းကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပြီး ရန်ကုန်မြစ်အတွင်း ဝင်ရောက်၊ ထွက်ခွာသွားလာနေသည့် ပြည်တွင်း၊ ပြည်ပ သင်္ဘောများထံမှ မြစ် ကြောင်းထိန်းသိမ်းခ ပြန်လည်ကောက်ခံသွားရန် ဖြစ်ကြောင်း ၂၀၁၀ခုနစ် ဇွန်လ ၃၀ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## စက်မှုဇုန်များ မီးပြန်ရပြီ

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များအုပ်စု နှစ်စုခွဲကာ ယခုလအတွင်း လျှပ်စစ်မီးပြန်လည်ရရှိသည့်အပြင် ည ၁၂ နာရီ၌လည်း မီးတစ်ကြိမ် ထပ်တိုးရရှိကြောင်း သိရသည်။ လတ်တလော စက်မှုဇုန်များ လျှပ်စစ်မီးရရှိရာ၌ အုပ်စုနှစ်စုခွဲကာ နေ့စဉ်နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီတွင်  တစ်အုပ်စု၊ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီထိ တစ်အုပ်စု ရရှိနေပြီး ထပ်တိုးအစီအစဉ်ဖြင့် ည ၁၂နာရီမှ နံနက် ၅နာရီထိ တစ်ကြိမ်ပေးဝေနေကြောင်း သိရသည်။ " ကျွန်တော်တို့ စက်မှုဇုန်ကိုတော့ ပြီးခဲ့တဲ့ သောကြာနေ့ကစပြီး အုပ်စုနှစ်စုခွဲပြီးမီးပုံမှန်ပြန် ရတာပါ။ သန်းခေါင်ကျော်ကျတော့ နောက်ထပ်မီးတစ်ကြိမ်ပေးတယ်။ လောလောဆယ်တော့ မီးပုံမှန်ရပါတယ်။ တစ်ခါတစ်လေ မီးသုံးစွဲမှုများတာကြောင့် ခဏပျက်တာမျိုးတော့ရှိတာ ပေါ့။ ထပ်တိုးပြီးပေးတာက ည ၁၂နာရီကနေ နောက်တစ်နေ့နံနက် ၅နာရီအထိထပ်တိုးရတော့ ပိုအဆင်ပြေတာပေါ့ " ဟု လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမြတ်သင်းအောင် ကဆိုသည်။ ယင်းသို့ မီးပေးဝေမှု ပုံမှန်ရရှိလာမှုမှာ ဧရာဝတီတိုင်းရှိ ရတနာသဘာဝကမ်းလွန်ဓါတ်ငွေ့ပိုက်လိုင်းကို ရန်ကုန်တိုင်းအတွင်း အပြီးတပ်ဆင်ထားရှိမှုနှင့် ဓါတ်ခွဲရုံများ လျှပ်စစ်သို့လှောင်မှု စနစ်တပ်ဆင်ပြီးနောက်ပိုင်း ယင်းသို့မီးရရှိမှု အဆင်ပြေလာခြင်းဖြစ်ကြောင်း ၂၀၁၀ခုနစ် ဇူလိုင်လ ၁ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစနစ်များ အမှတ်(၂)စက်မှုဝန်ကြီးဌာနက အနည်းဆုံး ကျပ်နှစ်သိန်းဝန်းကျင်ဖြင့် ရောင်းချမည်

လျှပ်စစ်မီးမရရှိနိုင်သည့် ဒေသများတွင် အနည်းဆုံးငွေကျပ်နှစ်သိန်းဝန်းကျင်ဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားကိုသုံးစွဲနိုင်ရန်အမှတ်(၂)စက်မှုဝန်ကြီးဌာနက စီစဉ်ပေးနေပြီဖြစ်ကြောင်း သိရသည်။ နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ထုတ်ယူသည့် စနစ်အတွက် ကျေးလက်ဒေသသုံး 3 Watt မီးသီးရှစ်လုံးတစ်စုံ သို့မဟုတ် 5 Wattမီးသီး လေးလုံးပါဝင်သည့် 21 Watt Solar Package တစ်စုံလျှင် ငွေကျပ် ၁၇၅၀၀၀၊ မြို့ပြတွင် အသုံးပြုနိုင်မည့် 3 Watt မီးသီး ၁၂လုံးသို့မဟုတ် 5 Watt မီးသီးရှစ်လုံးသို့မဟုတ် 7 Watt မီးသီးခြောက်လုံးပါဝင်သည့် 40 Watt Solar Package တစ်စုံလျှင် ငွေကျပ် ၂၇၀၀၀၀နှင့် လုံခြုံရေးမီးနှင့် လမ်းမီးများအဖြစ် အသုံးပြုနိုင်သော သုံးမီတာနိုင်ရင်အရှည်ရှိသည့် 10 Watt ဆိုလာလမ်းမီးတိုင် တစ်တိုင်လျှင် ငွေကျပ် ၂၉၅၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ ခြောက်မီတာအရှည်ရှိသည့် 25 Watt ဆိုလာလမ်းမီးတိုင်တစ်တိုင်လျှင် ငွေကျပ် ၆၀၀၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း ဈေးနှုန်းသက်သာစွာဖြင့် လူတန်းစားမရွေး ရောင်းချပေးသွားမည်ဖြစ်ကြောင်း အမှတ်(၂)စက်မှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ အဆိုပါဆိုလာစနစ်ဖြင့် လျှပ်စစ်မီး၊ ၂၂လက်မ LCD TV, DVD၊ ကွန်ပျူတာ၊ အဲကွန်းနှင့်ပန်ကာများသုံးနိုင်သည့် 1000 Watt တစ်စုံကို ကျပ်သိန်း ၃၀၊ 3000 Watt ကို ကျပ်သိန်း ၉၀နှင့် 5000 Watt ကို ကျပ်သိန်း ၁၂၀ စသည်ဖြင့် ရှိပြီး ဆိုလာစနစ်များအတွက် လုပ်ငန်းအပ်နှံလာပါက ဈေးနှုန်းချိုသာစွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အပ်နှံလာတဲ့ Watt အမျိုးအစားအလိုက် နေအိမ်များတွင် ရုပ်မြင်သံကြား၊ အိမ်သုံးမီး၊ ပန်ကာ၊ လေအေးပေးစက်၊ ရေခဲသေတ္တာနှင့် ရေမော်တာစက်များအထိ အသုံးပြုနိုင်သည်ဟု သိရသည်။ နေရောင်ခြည်စွမ်းအင်သုံး High Efficiency Multi -crystal Photovoltaic ဆိုလာပြားများကို ရာနှုန်းပြည့် ဂျပန်နည်းပညာဖြင့်အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ LEDမီးသီးထုတ်လုပ်မှုစက်ရုံက ထုတ်လုပ်ထားပြီး၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အစိုးရအဖွဲ့အစည်းများ၏ တရားဝင်ထောက်ခံအသိအမှတ်ပြုထားသော ဆိုလာပြားများဖြစ်ကြောင်း သိရသည်။ ယင်းဆိုလာပြားများမှာ လျှပ်စစ်ဓာတ်အားထွက်ရှိမှုကို အနှစ် ၂၀အထိ အာမခံပေးထားပြီးဝယ်ယူလိုပါက ရန်ကုန်တွင် LED မီးသီးစက်ရုံ(၀၁-၆၅၁၄၂၈၊ ၀၁-၆၅၁၄၃၁)နှင့် နေပြည်တော်၌ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ၀၆၇-၄၀၅၀၅၉၊ ၀၆၇-၄၀၅၃၂၂၊ ၀၆၇-၄၀၅၁၂၂ တို့သို့ဆက်သွယ်နိုင်ကြောင်း၂၀၁၀ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဆရာစံပလာဇာကို နိုင်ငံတကာ အဆင့်မီအများပိုင်ရှော့ပင်းမောလ်အဖြစ် ပြောင်းလဲဖွင့်လှစ်မည်

ရန်ကင်းမြို့နယ်ရှိ ဆရာစံပလာဇာကို နိုင်ငံတကာအဆင့်မီ အများပိုင် ရှော့ပင်းမောလ်အဖြစ် ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဇဟိုသမဝါယမအသင်းလီမိတက်မှ အထွေထွေမန်နေဂျာ ဦးကိုကိုကပြောသည်။ အဆိုပါ စီမံကိန်းကို ဇဟို သမဝါယမအသင်း လီမိတက်၊ အခြားသမဝါယမအသင်းများနှင့် ပုဂ္ဂလိက ကုမ္ပဏီများ၊ လုပ်ငန်းရှင်များပူးပေါင်း ဆောင်ရွက်သွားမည်ဟုသိရသည်။ “နိုင်ငံတကာအဆင့်မီ အများပိုင် ရှော့ပင်းမောလ်အဖြစ် ပြောင်းလဲဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ အဲဒီလိုဖွင့်လှစ်ဖို့ ဆရာစံပလာဇာတစ်ခုလုံးကိုပြင်ဆင်မယ်။ Rainbow Mall Project ကို ဇူလိုင်လမှာ စပြီးဆောင်ရွက်တော့မှာဖြစ်ပါတယ်။ အခု ဒီဇိုင်းစဆွဲနေပါပြီ။ နိုင်ငံတကာအဆင့်မီ Shopping Mall တစ်ခုမှာ လိုအပ်တဲ့ Facalities တွေဖြစ်တဲ့ ရေ၊ မီး၊ လုံခြုံရေး၊ သန့်ရှင်းရေးအားလုံးကို ပြင်ဆင်သွားမှာပါ” ဟုယင်းကပြောသည်။ ၁၀လကြာမည် Rainbow Mall စီမံကိန်းကို ကျပ်လေးဘီလျံ( ကျပ်သန်း ၄၀၀၀) အကုန်အကျခံကာပြင်ဆင်သွားမည်ဖြစ်ပြီး ပြင်ဆင်ချိန် ၁၀လခန့်ကြာမည်ဖြစ်ကြောင်းနှင့် ယင်းစီမံကိန်းအရ ဆရာစံပလာဇာတွင် IT အီလက်ထရွန်းနစ်ပစ္စည်းမျိုးစုံ၊လူသုံးကုန်ပစ္စည်းမျိုးစုံ၊စားသုံးကုန်ပစ္စည်းမျိုးစုံနှင့် အခြားပစ္စည်းမျိုးစုံ ရရှိနိုင်သော ဆိုင်ခန်း၊ Mini Theater ၊ ကလေးကစားကွင်း၊ စားသောက်ဆိုင်နှင့် ကားပါကင်တို့ပါဝင်မည်ဖြစ်ကြောင်း ၊ အဆိုပါ ဆိုင်ခန်းများ ကို အလွှာအလိုက် ဒီဇိုင်းရေးဆွဲ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဆရာစံပလာဇာမှာ အထပ်လေးထပ်ရှိပြီး ယခု လက်ရှိတွင် မြန်မာ့အနုပညာ လက်မှုပစ္စည်းများကို အဓိကထား ရောင်းချနေကြောင်း ၂၀၁၀ခုနှစ် ဇူလိုင် လ ၁၈ရက်နေ့ထုတ်ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## အွန်လိုင်းမှ အခွန်ထမ်းဆောင်နိုင်တော့မည်

ပြည်သူများအခွန်ထမ်းဆောင်ရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် အွန်လိုင်းမှတစ်ဆင့် အခွန်ထမ်းဆောင်နိုင်ရန် စီစဉ်လျက်ရှိကြောင်းရန်ကုန်တိုင်းပြည်တွင်းအခွန်များဦးစီးဌာနမှူးမှ အဆင့်မြင့်အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။ “ အခွန်လုပ်ငန်းတွေကို နိုင်ငံတကာအဆင့်အတန်းမီအောင် လုပ်ချင်တာရယ်၊ ပြည်သူတွေအနေနဲ့လဲ ရုံးကို တကူးတက လာစရာမလိုဘဲ အလွယ်တကူအခွန်ထမ်းနိုင်စေဖို့ကို ရည်ရွယ်တာဖြစ်ပါတယ် ” ဟု ၄င်းကပြောသည်။ရန်ကုန်တိုင်းပြည်တွင်းအခွန်ဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးဌာနတို့ ပူးပေါင်းကာ ဖိုက်ဘာကေဘယ်လ်အီးဝမ်းလိုင်းကို ချိတ်ဆက်၍ အချိန်ပြည့်ချိတ်ဆက်အသုံးပြုနိုင်ရန်စီစဉ်နေပြီဖြစ်ကြောင်းနှင့်မိမိတို့ဌာနအတွင်းအွန်လိုင်းစနစ်ကိုအပြည့်အဝအသုံးပြုဆောင်ရွက်နိုင်ပြီး နောက်တစ်ဆင့်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်များမှလည်း ယင်းကဲ့သို့အွန်လိုင်းအသုံးပြုနိုင်ပြီဆိုပါက အွန်လိုင်းအခွန်ထမ်းဆောင်သည့်စနစ်စတင်ပေါ်ပေါက်လာမည်ဖြစ်ကြောင်းသိရသည်။ “ ဒီအစီအစဉ် အောင်မြင်ခဲ့ရင် ပြည်သူတစ်ဦးဟာ အခွန်ပေးဆောင်မယ်ဆိုရင် မိမိမြို့နယ်မှာရှိတဲ့အခွန်ရုံးကို သွားစရာမလိုတော့ပါဘူး။ဘဏ်မှာ ငွေသွင်းပြီးတာနဲ့ အွန်လိုင်းကနေတစ်ဆင့် အခွန်သွင်းနိုင်ပြီ ဖြစ်ပါတယ်။ မိမိအခွန်ဆောင်ပြီးကြောင်းနဲ့ အခွန်ကြွေးကျန်တွေကိုလည်း အွန်လိုင်းမှာ ကြည့်နိုင်မယ်” ဟုယင်းကဆက်လက်ပြောကြားသည်။ လက်ရှိတိုင်းအခွန်ဦးစီးဌာနနှင့် မြို့နယ်အခွန်ရုံးများအကြား ဖိုင်ဘာအီးဝမ်းလိုင်းစနစ်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ယွမ်ငွေတန်ဖိုး နှုန်းရှင်သတ်မှတ်လိုက်ခြင်းကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များ စောင့်ကြည့်နေ

တရုတ်ယွမ်ငွေကို အမေရိကန်ဒေါ်လာနှင့် တန်ဖိုးသေသတ်မှတ်ခြင်းအား ဖယ်ရှားပြီး နှုန်းရှင်သတ်မှတ်လိုက်ပြီးနောက် ယွမ်ငွေတန်ဖိုးအပြောင်းအလဲမှာ မြန်မာ-တရုတ် အပြန်အလှန် ကုန်သွယ်မှုအပေါ် သက်ရောက်မှုမည်သို့ရှိလာမည်ကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များက သတိထား စောင့်ကြည့်နေကြကြောင်း သတင်းရရှိသည်။ တရုတ်နိုင်ငံသုံး ယွမ်ငွေအား တရုတ်ဗဟိုဘဏ်က ဈေးကွက်ပေါက်ဈေးအတိုင်း နှုန်းရှင်သတ်မှတ်ပေးခြင်းကို ဇွန် ၁၉ရက်က တရားဝင်ကြေညာခဲ့သည်။ ယွမ်ငွေတန်ဖိုးမှာ ရှိသင့်သော တန်ဖိုးအောက် ရောက်အောင် သတ်မှတ်ထားသည်ဟု နိုင်ငံတကာ၌ ဝေဖန်မှုများရှိခဲ့၍ နှုန်းရှင်သတ်မှတ်လိုက်ခြင်းကြောင့်တရုတ်ယွမ်ငွေတန်ဖိုး တက်လာမည်ဟုနိုင်ငံတကာစီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားသည်။ ထိုအခြေအနေတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အများစုကလည်း တရုတ်ယွမ်ငွေတန်ဖိုးတက်လာမည်ဟု ယူဆနေကြသည်။ ထို့ကြောင့် မန္တလေးမြို့မှ ကုန်သည်များက အခြေအနေကို သတိထား၍ စောင့်ကြည့်နေကြောင်း မန္တလေးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက ပြောသည်။ လက်တွေ့တွင်လည်း ယွမ်တန်ဖိုးမှာ နှုန်းရှင်သတ်မှတ်လိုက်ပြီးနောက် ပြောင်းလဲမှုရှိသည်။ ဇွန်လ ၂၄ရက်က မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး၏ အဓိကမြို့ဖြစ်သော မူဆယ်မြို့တွင် ၁ယွမ်လျှင် ၁၄၂ ကျပ်ရှိရာမှယွမ်တန်ဖိုးအနည်းငယ်မြင့်တက်လာခြင်းဖြစ်သည်။ ဒေါ်လာနှင့် ယွမ်ငွေတန်ဖိုး လဲလှယ်မှုမှာလည်း ယခင် ၁ ဒေါ်လာလျှင် ၆.၈၃ယွမ်နှုန်းသေသတ်မှတ်ထားရာမှ ဇွန် ၂၈ရက်တွင် ၁ ဒေါ်လာလျှင် ၆.၇၉၇ ယွမ်ရှိ၍ ယွမ်တန်ဖိုးအနည်းငယ်တက်ခဲ့သည်။ “ ယွမ်ငွေတန်ဖိုးတက်လာရင်တော့ မြန်မာငွေတန်ဖိုးကျတာပေ့ါ။ အဲဒီလို သူ့ငွေတန်ဖိုးတက်လာရင် တရုတ်ပြည်ကို အိတ်စ်ပို့(ပို့ကုန်)လုပ်ငန်းရှင်တွေအတွက် ကောင်းတယ်။ ဒါပေမယ့် အင်ပို့(သွင်းကုန်) သမားတွေအတွက် မကောင်းဘူး ” ဟု ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်တစ်ဦးကပြောပြခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအင်ထုတ်ယူရန် ရေအားအပြင် အခြားအရင်းအမြစ်မျိုးစုံ အသုံးပြုလျက်ရှိ

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပမာဏကို ပြည့်မီနိုင်ရန် ရေအားအပြင် အခြားအရင်းအမြစ်မျိုးစုံကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူနေသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအား ရရှိနိုင်ရေးအတွက် ရေအားလျှပ်စစ် ထုတ်လုပ်ရေးစက်ရုံ၊ သဘာဝ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ၊ ရေနွေးငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ၊ ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ၊ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ၊ စပါးခွံ/အုန်းလက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ၊ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံတို့အပြင် လေအားမှလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်ကာ ရနိုင်သမျှ အရင်းအမြစ်မျိုးစုံကို အသုံးချကာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏကိုပြည့်မီအောင် ဆောင်ရွက်နေဆဲဖြစ်ကြောင်းသိရသည်။ ယင်းကဲ့သို့ ရေအားအပါအဝင်အရင်းအမြစ်မျိုးစုံကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူလျက်ရှိသော်လည်း စက်ရုံအများစုမှ ထုတ်ယူနိုင်သည့် ပမာဏမှာ ပျမ်းမျှအားဖြင့် စက်ရုံတစ်ရုံလျှင်၁၀မဂ္ဂါဝပ်အောက်သာရှိကြောင်း သိရပြီးမြန်မာတစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာမဂ္ဂါဝပ် ၁၅၅၅ဒသမ ၂၅ဖြစ်ကြောင်း၂၀၁၀ခုနှစ် ဇူလိုင်၂၅ရက်နေ့ထုတ်Bi WeeklyElevenဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပုဂ္ဂလိကဘဏ်သစ်လေးခုဩဂုတ်လ ၁ရက်ဖွင့်မည်

မြန်မာတိုင်းရင်းသားပိုင် ကုမ္ပဏီများဖြစ်သည့် မက်စ်ကုမ္ပဏီများအုပ်စု၊ ထူးကုမ္ပဏီများအုပ်စု၊ ဒေင်ကုမ္ပဏီများအုပ်စုနှင့်အိုင်ဂျီအီးတို့သည် ပုဂ္ဂလိက ဘဏ်များဖွင့်လှစ်ခွင့်ရပြီဖြစ်ရာ ဘဏ်များကို ဩဂုတ်လ ၁ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီများမှ တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။ မေလဆန်းပိုင်း၌ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက ပုဂ္ဂလိက ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့လျှောက်ထားခဲ့ရာတွင် အဆိုပါကုမ္ပဏီလေးခုက ဘဏ်ဖွင့်ခွင့်ကိုမေလကုန်၌ ရရှိခဲ့သည်။ မြန်မာနိုင်ငံဗဟိုဘဏ်၏ လမ်းညွှန်ချက်များဖြင့်မက်စ်မြန်မာကုမ္ပဏီက ရောဝတီသားအမည်ဖြင့် ဘဏ်များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ မြိတ်၊တောင်ငူ၊မုံရွာ၊ပခုက္ကူ၊ဟသ်ာတ၊ မြောင်းမြနဲ့ပုသိမ်တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အကြွေးဝယ်ကတ် စနစ်ကိုလည်း အကောင်အထည်ဖော်နိုင်ရန်ကြိုးစားလျက်ရှိကြောင်းၡင်းကပြောသည်။ထူးထရေးဒင်းကုမ္ပဏီများအုပ်စုက တစ်နိုင်ငံလုံးတွင် ဘဏ်ရုစ်ခု ဖွင့်လှစ်သွားမည်ဟု ရည်ရွယ်ထားကြောင်း ယင်းကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ "ဘဏ်ရဲ့အမည်က Asia Green Development ဖြစ်တယ်။ ရန်ကုန်မှာအခြေစိုက်ပြီးလုပ်ကိုင်သွားမှာဖြစ်တယ်။ အားလုံးအတွက် ပြင်ဆင်ဖို့အချိန်တော့ လိုသေးတယ်" ဟုၡင်းကပြောသည်။ "တစ်ပြည်လုံးအတိုင်းအတာနဲ့ဆိုတော့ ဘဏ်ခွဲ ၃၀ ကနေ ၅၀အထိ ဖွင့်ဖို့လျာထားပါတယ်" ဟု ဒေင်ကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ " အရင်ဘဏ်စနစ်က စီးပွားရေးလုပ်ငန်းရှင်တွေအတွက် လိုအပ်ချက်တွေရှိနေလို့ဒီထက်ကောင်းတဲ့စနစ်ကိုလုပ်ဖို့ လိုပါတယ်။ ခုလိုဘဏ်တွေပေါ်လာပြီး ဈေးဝယ်ကတ်တွေ သုံးစွဲခွင့်ရရင် အရင်ကလို ငွေသားတွေအများကြီးသယ်စရာမလိုတော့ဘူး"ဟုၡင်းက ပြောသည်။ စီးပွားရေးလုပ်ငန်းရှင်များ အတွက် ငွေချေးရာတွင်လည်း ရွေးချယ်ခွင့် ပိုများလာမည်ဖြစ်ကြောင်းဦးလှဋ္ဌေးကပြောသည်။ ၁၉၉၂မှ ၁၉၉၇ခုနှစ်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင် ၂၀ကိုချထားပေးပြီးဖြစ်ကြောင်းဗဟိုဘဏ်ဝက်ဘ်ဆိုက်တွင်ဖော်ပြထားကြောင်း၂၀၁၀ခုနှစ် ဇူလိုင်၂၅ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် အမြတ်ဝေစုတိုးပေးမည်

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်က ၂၀၀၉-၁၀ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာရှင်များကို တစ်စုလျှင် အမြတ်ငွေ ၂၂ဒသမ ၅ရာခိုင်နှုန်းပေးအပ်မည်ဟု မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူးဦးမြင့်ဆွေကဘဏ်၏ ၁၅ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားသည်။ အမြတ်ဝေစုများ နှစ်စဉ်တိုးမြှင့်ပေးနိုင်ခြင်းမှာ ငွေလွှဲပို့ခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့်အပ်ငွေလက်ခံခြင်းတို့ကို နှစ်စဉ်တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့၍ နှစ်စဉ်အမြတ်ငွေများ တိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကပြောသည်။ ဘဏ်သည် ၂၀၀၄-၀၅ဘဏ္ဍာနှစ် အတွင်း အစုရှယ်ယာတစ်စုလျှင် အမြတ်၁၃ရာခိုင်နှုန်း၊ ၂၀၀၅-၀၆ဘဏ္ဍာနှစ်တွင် ၁၅ရာခိုင်နှုန်း၊ ၂၀၀၆-၀၇တွင် ၁၈ရာခိုင်နှုန်း၊ ၂၀၀၇-၀၈တွင် ၁၉ရာခိုင်နှုန်း ၊ ၂၀၀၈-၀၉တွင် ၂၂ရာခိုင်နှုန်းတို့ အသီးသီးပေးအပ်နိုင်ခဲ့သည်။ ယခုနှစ်အတွက် ၂၂ဒသမ ၅ရာခိုင်နှုန်းဖြင့် ရှယ်ယာတစ်စုလျှင် ငွေကျပ် ၁၁၂,၅၀၀ကို ဇွန်လ ၂၈ရက်မှစ၍ ရန်ကုန်မြို့ရှိဘဏ်ရုံးချုပ်တွင်စတင်ထုတ်ပေးနေပြီဖြစ်သည်။ ဘဏ်သည် ၂၀၀၇-၀၈ တွင် အမြတ်ငွေကျပ်သိန်း ၁,၂၀၀ကျော်ရှိခဲ့ရာမှ ၂၀၀၉-၁၀တွင် ကျပ်သန်း ၂,၃၀၀ကျော်အထိ တိုးမြှင့် ရရှိခဲ့သည်။ ဘဏ်၏ မတည်ရင်းနှီးငွေမှာ ကျပ်သန်းပေါင်း ၁၀,၀၀၀ဖြစ်ပြီး အစုရှယ်ယာတစ်စုလျှင် ကျပ်ငါးသိန်းဖြင့် အစုရှယ်ယာပေါင်း နှစ်သောင်းသတ်မှတ်ထားပြီး မတ်လ ၃၁ရက်နေ့အထိ ၁၃,၉၃၆ရှယ်ယာ၊ တန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း ၆,၉၆၈သန်းရောင်းချထားပြီးဖြစ်ကြောင်းသိရသည်။ ဘဏ်ကို ၁၉၉၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီးလက်ရှိတွင် ဘဏ်ခွဲစုစုပေါင်း ခုနစ်ခုဖွင့်လှစ်ထားကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂၅ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## နိုင်ငံတကာကို ဂျီတော့ခ်နဲ့ ဖုန်းခေါ်နိုင်ပြီ

ဂျီတော့ခ်ကနေ ဈေးနှုန်းသက်သက်သာသာနဲ့ နိုင်ငံတကာကို ဖုန်းခေါ်နိုင်တဲ့ဝန်ဆောင်မှု စတင်နေပြီလို့ သိရတယ်။ အခုဝန်ဆောင်မှုက ဂျီတော့ခ်အိုင်အမ် (G talk IM)နဲ့ ယာဟူးလ် အိုင်အမ် (Yahoo IM) ကနေ တစ်ဆင့်ဖုန်းခေါ်နိုင်တဲ့ အစီအစဉ်ပါ။ ဂျီတော့ခ်ကနေ နိုင်ငံတကာဖုန်းတွေကို အက်စ်အမ်အက်စ် (SMS) ပါပို့နိုင်ပြီး အွန်လိုင်းရေဒီယိုတွေကိုပါ နားဆင်နိုင်မယ်လို့ သိရတယ်။ " ငွေသွင်းပြီးတာနဲ့ ကမ္ဘာတစ်ဝန်းက လက်ကိုင်ဖုန်းတွေကိုဂျီတော့ခ်ကနေခေါ်နိုင်တယ်။ခေါ်ဆိုခနှုန်းထားတွေကတော့ဖုန်းကုမ္ပဏီပေါ်မူတည်ပြီးဈေးနှုန်းအပြောင်းအလဲရှိတယ် " လို့ အဆိုပါ ဂျီတော့ခ် ဖုန်းခေါ်ဆိုတာကို ဝန်ဆောင်မှုပေးတဲ့ Skyper Business Group မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ နိုင်ငံအလိုက် ခေါ်ချင်လို့ငွေချေပြီးရင် ဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီကနေ ငွေသွင်းထားတဲ့ ကုတ် (deposite code) ကို တောင်းယူထားရမယ်။ အဲသည်ကုတ်ကို သိထားမှ ကိုယ်သွင်းထားတဲ့ငွေဝင်မဝင်ကိုစစ်ဆေးနိုင်မယ်လို့ ဆိုပါတယ်။ ဂျီတော့ခ်ကနေ ဖုန်းခေါ်မယ်ဆိုရင် service@gtalk2voip.com ကိုဝင်ပါ။ တစ်မိနစ်အတွင်း ဂျီတော့ခ်ဗီအိုအိုင်ပီဆာဗာက လက်ခံလိမ့်မယ်။ အဲသည်မှာ ကိုယ်ပိုင်စာမျက်နှာ (my page) ကို ရိုက်ထည့်လိုက်ရင် ကိုယ်သွင်းထားတဲ့ ငွေပမာဏပေါ်လိမ့်မယ်။ ဖုန်းကိုစခေါ်ခေါ်ချင်း ကိုယ်ရဲ့ဂျီတော့ခ်ကို ဖုန်းအရင်ဝင်လာမယ်။ ဆက်ပြီးဖုန်းကိုကိုင်ထားရင် ဂျီတော့ခ်ဗီအိုအိုင်ပီက တစ်ဖက်ဖုန်းကို ခေါ်ပြီး စကားပြောနိုင်ပြီလို့ သိရတယ်။ "ဖုန်းခေါ်တဲ့အချိန်မှာ ပြောနေတယ် (now talking) ဆိုတာမျိုးကြားရင် အကောင့်ထဲက ငွေမကုန်အောင် ဖုန်းကို ချက်ချင်းချထားသင့်တယ် " လို့ အဆိုပါ တာဝန်ရှိသူက ပြောပါတယ်။ ဂျီတော့ခ်ကနေ ဖုန်းခေါ်ဆိုခနှုန်းထားတွေက စင်ကာပူကို တစ်မိနစ်လျှင် ၀.၀၂ ဒေါ်လာ၊ ထိုင်း ၀.၀၆ ဒေါ်လာ၊ မလေးရှားကို ၀.၀၅ ဒေါ်လာ၊ ဂျပန်ကို ၀.၂၂ ဒေါ်လာ၊ ကိုရီးယားကို ၀.၀၉ ဒေါ်လာ၊ တရုတ်ကို ၀.၀၃ ဒေါ်လာ၊ အမေရိကားကို ၀.၀၅ ဒေါ်လာ ကျသင့်တယ်လို့ ဆိုပါတယ်။ အဆိုပါ ဂျီတော့ခ်ကနေ ဖုန်းခေါ်နိုင်မယ့် အကောင့်ကို ဝယ်ယူချင်တယ်ဆိုရင် Skyper Business Group ဖုန်း ၀၁-၆၉၀၀၃၁ ကိုဆက်သွယ်နိုင်တယ်လို့ သိရကြောင်း၂၀၁၀ခုနှစ် ဇူလိုင်လ ၂၅ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အညာဖျား ရေအားလျှပ်စစ်စီမံကိန်း ၂၀၁၂ ခုနှစ်တွင် ပြီးစီးမည်

## ထားဝယ်မြို့နှင့် မိုင် ၅၀ ဝန်းကျင်ဒေသများသို့ ၂၄နာရီ မီးပေးနိုင်မည်ဟုဆို

အညာဖျားရေအားလျှပ်စစ် စီမံကိန်းမှ ၂၀၁၂ တွင် ထားဝယ်တစ်မြို့လုံးနှင့်အနီး မိုင် ၅၀ ပတ်ဝန်းကျင် ဒေသများသို့ လျှပ်စစ်မီး ၂၄ နာရီပေးဝေနိုင်တော့မည်ဖြစ်ကြောင်း ၄င်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိသော Delco လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဦးက ပြောသည်။ " ၂၀၁၂ မေလ၊ ဇွန်လလောက်အပြီးဆောက်မယ်။ ဇူလိုင်လမှာရေပြည့်ရင် စက်သုံးလုံးထိုင်မှာဆိုတော့ တစ်လုံးပြီးတစ်လုံး လည်သွားမယ်ဆိုရင် ဩဂုတ်လမှာ ကောင်းကောင်းမီးပေးနိုင်ပြီ " ဟု ၄င်းကထပ်လောင်းပြောသည်။ ၄င်းစီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် ၉ မဂ္ဂါဝပ် ရရှိမည်ဖြစ်သည်။ ထားဝယ်မြို့သည် အိမ်ခြေ ၇သောင်းခန့်ရှိပြီး ယခုလျှပ်စစ် လိုအပ်ချက်မှာ ၄ မဂ္ဂါဝပ်ခန့်ပင်ရှိသည်ဟုသိရသည်။ထားဝယ်မြို့နှင့်ပတ်ဝန်းကျင်သည် ဒီဇယ်စက်ကြီးများဖြင့် မီးအချိန်လိုက် ပေးဝေလျက်ရှိပြီး တစ်ယူနစ်လျှင် ကျပ် ၄၃၀ ခန့်ကျကြောင်း၊ ယခုဆောင်ရွက်နေသည့် ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ထားဝယ်မြို့၊ ရေဖြူ ကန်ပေါက်တို့ကို ၂၄နာရီ မီးပေးနိုင်မည်ဖြစ်ကာ လျှပ်စစ်ခါတ်အားခမှာလည်း ၂၀၀ ကျော်ခန့်သာကျမည်ဖြစ်ကြောင်း သိရသည်။ အညာဖျားရေအားလျှပ်စစ် စီမံကိန်းသည် BOT စနစ်ဖြင့် အနှစ် ၆၀ လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ကာ ၅ နှစ် ထပ်တိုး၍ လုပ်ကိုင်ခွင့် လျှောက်ထားနိုင်၍ ၇၅ နှစ် ဆက်လက်လုပ်ကိုင်ခွင့် ရထားကြောင်း သိရသည်။ Delcoလီမိတက်တွင်အမှတ် (၂) လျှပ်စစ်ဝန်ကြီးဌာနနှင့် ယခုနှစ်တွင် ၄င်းစီမံကိန်းကို လုပ်ကိုင်ခွင့် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ခဲမဖြူ၊ အဖြိုက်နက် သတ္တုရောင်းလိုအားထက် ဝယ်လိုအားပိုများ တရုတ်အပြင်

## တခြားနိုင်ငံများကပါ ဝယ်လိုကြောင်း ကမ်းလှမ်း

ပြည်တွင်း၌ ထုတ်လုပ်လျက်ရှိသော ခဲမဖြူ၊ အဖြိုက်နက် သတ္တုများကို တရုတ်နိုင်ငံအပြင် ကိုရီးယား၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ ဝယ်ယူလိုကြောင်းကမ်းလှမ်းမှုများရှိနေသည်ဟု သတ္တုတွင်းလုပ်ငန်းရှင်များထံမှ သိရသည်။ "တရုတ်နိုင်ငံကိုပဲ အဓိကတင်ပို့နေတာ။ ဝယ်ချင်တဲ့နိုင်ငံနဲ့ ပမာဏကများလို့ မပို့နိုင်ဘူး ဖြစ်နေတယ် " ဟု Delco သတ္တုတူးဖော်ရေးလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဦးကပြောသည်။ နိုင်ငံတကာမှ သတ္တုများကို တစ်လလျှင်တန် ၂၀၀ ဝယ်လိုကြောင်း စာချုပ်ချုပ်ဆိုရန် လာရောက်ကြသော်လည်း ပြည်တွင်းရှိ သတ္တုတွင်းတစ်တွင်းသည် ယခင်တစ်နှစ်လျှင် တန် ၁၀၀ ထုတ်နေရာမှ ယခုနှစ် တန် ၃၀၀ ထိ တိုးထုတ်နိုင်အောင် ပြင်ဆင်နေဆဲပင် ဖြစ်၍ ဝယ်ယူလိုသလောက်မရောင်းချနိုင်ဘဲရှိနေကြောင်း သိရသည်။ ပြည်တွင်း၌ ခဲမဖြူ၊ အဖြိုက်နက် သတ္တုကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေး၊ မင်းဘူးဒေသ၊ မြန်မာနိုင်ငံတောင်ပိုင်းတို့၌ အဓိကထွက်ရှိပြီးလုပ်ကိုင်နေသည့်တိုင်းရင်းသားကုမ္ပဏီ ၂၀ခန့်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ခဲမဖြူ၊ အဖြိုက်နက်သည် နိုင်ငံတကာတွင် ၆၅% အဆင့်ရှိပြီး အဆင့်မီကြောင်း၊ ဈေးကွက်၌ ယခင် ၁၉၉၅/၉၆ ခုနှစ်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀၀ မှ ယခုနှစ်တွင် တစ်တန်လျှင် ၁၈၀၀၊ ၂၀၀၀ ထိ ပေးဝယ်လာကြောင်း သိရသည်။သတ္တုတွင်းလုပ်ငန်းများကိုနိုင်ငံတော်မှပုဂ္ဂလိကတိုင်းရင်းသား လုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပေးလျက်ရှိရာ သတ္တုတွင်းတစ်တွင်းလျှင် ၁၀ နှစ်သက်တမ်းလုပ်ကိုင်ခွင့်နှင့် ထပ်မံ၍ ၅နှစ်စီ သက်တမ်းတိုး၍ လုပ်ကိုင်ခွင့်ပေးကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၁ရက်နေ့မှ ၇ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အောင်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၁၈၀ စင်တီမီတာ(ခြောက်ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၂၄၀ စင်တီမီတာ(ရှစ်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၈၀ စင်တီမီတာ(လေးပေခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## တရုတ်၌ စက်ရုပ်အိုလံပစ်ပွဲတော် ကျင်းပ

တရုတ်နိုင်ငံမြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ဟာဘင်မြို့၌ နိုင်ငံတကာ စက်ရုပ်အိုလံပစ်ပွဲတော်ကို ဇွန် ၂၃ ရက်နေ့က စတင်ကျင်းပခဲ့သည်။ အဆိုပါလူသားစက်ရုပ်ပြိုင်ပွဲတွင် လမ်းလျှောက်ပွဲ၊ အပြေးပြိုင်ပွဲနှင့် ကပြဖျော်ဖြေပွဲများဖြင့် ယှဉ်ပြိုင်လျက်ရှိပြီး နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ကြသည်။ စက်ရုပ်အပြေးပြိုင်ပွဲကို သုံးရက်တာ ကျင်းပခဲ့ပြီး ဆုရရှိသည့် စက်ရုပ်များစာရင်းကို ထုတ်ပြန်ကြေငြာခဲ့သည်။ (ဆင်ဟွာ)

## ကမ္ဘာ့ကိုကင်းဈေးကွက် ဥရောပတိုက်သို့ ဦးတည်ရွေ့လျား

အမေရိကန်ဒေါ်လာ ၈၈ ဘီလီယံတန်ကြေးရှိသော ကမ္ဘာ့ကိုကင်းဈေးကွက်သည် ဥရောပတိုက်သို့ ဦးတည်ရွေ့လျားနေပြီး ယင်းကိုကင်းများကို ဖြတ်သန်းသယ်ဆောင်ရာကြားခံနိုင်ငံများတွင် ဆိုးဆိုးရွားရွား တည်ငြိမ်မှု ပျက်ပြားလျက်ရှိကြောင်း ကုလအစီရင်ခံစာတစ်စောင်တွင် ဖော်ပြသည်။ ဈေးကွက်ရွေ့ပြောင်းမှုကြောင့် ကိုကင်းများကို သယ်ဆောင်ရာတရားမဝင်လမ်းကြောင်းလည်း ပြောင်းလဲလာသည်ဟု အစီရင်ခံစာကဆိုသည်။ အင်ဒီးစ်တောင်တန်းဒေသနိုင်ငံများမှ ထွက်ရှိသော ကိုကင်းများသည် အာဖရိကတိုက်ကိုဖြတ်၍ ဥရောပတိုက်အတွင်းသို့ ပိုမိုဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ကိုကင်းထုတ်လုပ်မှုကြောင့် အင်ဒီးစ်တောင်တန်းဒေသနိုင်ငံများ၏ နဂိုရည်မပျက်သေးသည့် သစ်တောများ ပျက်စီးရပြီး အနောက်အာဖရိကနိုင်ငံများမှ အစိုးရအဖွဲ့များအတွင်း အကျင့်ပျက်မှုများ ပေါ်ပေါက်လာခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ ဥရောပတိုက်၏ ကိုကင်းသုံးစွဲသူဦးရေသည် ဆယ်စုနှစ်အတွင်း နှစ်ဆထိ တိုးလာခဲ့သည်။ ၂၀၀၈ ခုနှစ် စာရင်းများအရ ဥရောပတိုက်သည် ကမ္ဘာ့ကိုကင်းထွက်ရှိမှု၏ လေးပုံသုံးပုံကို သုံးစွဲခဲ့ကြကြောင်း သိရသည်။ (ရိုက်တာ)

## အီရန်နှင့် လက်ဘနွန်မှ ကူညီရေးသင်္ဘောများ ဂါဇာသို့မရောက်အောင် အစ္စရေးကာကွယ်မည်

လက်ဘနွန်နှင့် အီရန်နိုင်ငံတို့မှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများတင်ဆောင်လာသော သင်္ဘောများကို ဂါဇာကမ်းမြောင်ဒေသသို့ မဝင်ရောက်နိုင်ရန် ကာကွယ်တားဆီးသွားမည်ဖြစ်ကြောင်း အစ္စရေးကြည်းတပ်အကြီးအကဲက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။ ဂါဇာဒေသသို့ လက်နက်များ၊ ဝင်ရောက်မလာစေရန် စစ်ဆေးခွင့်၊ တားဆီးခွင့်ရှိကြောင်း၊ ဂါဇာဒေသကို အီရန်၏ ဆိပ်ကမ်းတခုအဖြစ် မည်သည့်အခါမျှ အရောက်ခံမဟုတ်ဟုဆိုသည်။ လက်ဘနွန်နိုင်ငံမှ ထောက်ပံ့ရေးသင်္ဘောများ လာခဲ့မည်ဆိုလျှင် အစ္စရေးနိုင်ငံအနေဖြင့် ရင်ဆိုင်မည်ဖြစ်ကြောင်း၊ လက်ဘနွန်တို့က ငြိမ်းချမ်းစွာ ဆက်ဆံလျှင်၎င်းတို့ကလည်း ငြိမ်းချမ်းစွာ ဆက်ဆံပြီး၊ ငြိမ်းချမ်းမှုကို မလိုလားလျှင်လိုအပ်သလိုဖြေရှင်းသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်။ (ရိုက်တာ)

## ကာဂျစ္စတန်နိုင်ငံတွင် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်

ကာဂျစ္စတန်နိုင်ငံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရေးဆွဲရေးနှင့် ပတ်သက်၍ ပြည်သူ့ဆန္ဒခံယူပွဲတစ်ခု ကျင်းပခဲ့ရာ မဲပေးနိုင်သူ ၇၀ရာခိုင်နှုန်းကျော် လာရောက်မဲပေးခဲ့ကြသည်။ မဲပေးကြသူများအနက်မှ ၉၀ရာခိုင်နှုန်းကျော်က ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေသစ်ကို ထောက်ခံမဲပေး၍ သမ္မတ၏ လုပ်ပိုင်ခွင့်များကို လျှော့ချရန် ဆန္ဒပြုခဲ့ကြသည်။ နိုင်ငံ၏တောင်ပိုင်းတွင် လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားပြီးနောက် ၂ပတ်အကြာတွင် ယခုကဲ့သို့ ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆန္ဒခံယူပွဲကို ကမ္ဘာ့ကုလသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က ထောက်ခံအတည်ပြု၍ ဒီမိုကရေစီပြန်လည်တည်ဆောက်ရေး လမ်းကြောင်းပေါ်သို့ ခြေတစ်လှမ်းရောက်ရှိခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။ (ဘီဘီစီ)

## RIMPAC စစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်

နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသော ပစိဖိတ်ကမ်းခြေ ရေတပ်စစ်ရေးလေ့ကျင့်ပွဲ (RIMPAC)ကို ကြာသပတေးနေ့က ဟာဝိုင်ရီကျွန်း ကမ်းလွန်တွင် စတင်ကျင်းပခဲ့သည်။ ၎င်းအဖွဲ့တွင် အမေရိကန်ဦးဆောင်သော နိုင်ငံပေါင်း ၉နိုင်ငံပါဝင်သည်။ ယခုနှစ် စစ်ရေးလေ့ကျင့်မှုပွဲသို့ ကိုလံဘီယာ၊ ပြင်သစ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့က အသစ်ဝင်ရောက်ခဲ့ကြသည်။ ဘရာဇီး၊ အိန္ဒိယနှင့် နယူးဇီလန်နိုင်ငံတို့က လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။ စစ်ရေးလေ့ကျင့်မှုကို အမေရိကန် တတိယ ရေတပ်ဌာနချုပ်က ညှိနှိုင်းကျင်းပပေးခြင်းဖြစ်သည်။ လေယာဉ်ပေါင်း ၁၅၀၊ ရေယာဉ် ၃၄စီးနှင့် ရေငုပ်သင်္ဘော ၅စီးတို့ ပါဝင်လေ့ကျင့်ကြသည်။ ဤစစ်ရေးလေ့ကျင့်မှုသည် ကမ္ဘာတွင် ရေကြောင်းဆိုင်ရာ လေ့ကျင့်မှုများတွင် အကြီးမားဆုံးဖြစ်သည်။ ဤအဖွဲ့သည် ရုတ်တရက် ကမ္ဘာ့ရေးရာပြဿနာများ ပေါ်ပေါက်လာပါက ချက်ချင်းတုံ့ပြန်နိုင်မည့် နိုင်ငံစုံအဖွဲ့အစည်းအဖြစ် တည်ရှိမည်ဖြစ်သည်။ ယခုလေ့ကျင့်မှုတွင် ပင်လယ်ပြင် အကြမ်းဖက်မှုများကို နှိမ်နင်းနိုင်သည့် လေ့ကျင့်ရေးအစီအစဉ်များကို ထည့်သွင်းဆောင်ရွက်ထားသည်။ (အေအက်ဖ်ပီ)

## ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲပြီးဆုံး

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် နှစ်ရက်ကြာကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကို ယမန်နေ့က အောင်မြင်စွာအဆုံးသတ်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင်အစီအစဉ်များစွာကို သဘောတူချမှတ်နိုင်ခဲ့ကြသည်။ နိုင်ငံအများအပြား၏ ဘားဂျက်လိုငွေ လျှော့ချဖြတ်တောက်ခြင်း၊ စီးပွားရေးတိုးတက်မှုကိုအားသွန်ကြိုးပမ်းခြင်းနှင့် ငွေရေးကြေးရေးဈေးကွက်များ ပြန်လည်တည်ငြိမ်လာရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် နည်းလမ်းများကို ချမှတ်နိုင်ခဲ့ကြသည်။ အစည်းအဝေးအပြီး ထုတ်ပြန်သောကြေညာချက်တွင် လိုအပ်သည့်အခါညှိနှိုင်းဆောင်ရွက် ဖြေရှင်းခြင်းမပြုနိုင်ပါက အချင်းချင်းယုံကြည်မှုကင်းမဲ့၍ တိုးတက်မှုကို နောင့်ယှက်ဟန့်တားနိုင်သည်ဟု ဖော်ပြပါရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၂၀၁၃အရောက်တွင် လိုငွေများကို ထက်ဝက်အထိလျှော့ချရန်နှင့် ၂၀၁၆အရောက်တွင် အစိုးရကြွေးမြီနှင့် ဂျီဒီပီ၏ အချိုးကို သတ်မှတ်ချက်အတိုင်း ရောက်ရှိအောင် ဆောင်ရွက်ရေးတို့ ပါဝင်သည်။ (အေအက်ဖ်ပီ)

## အမေရိကန် Spy ဖမ်းဆီးမှုများကို ရှင်းလင်းပြန်ကြားရန် ရုရှားနိုင်ငံတောင်းဆို

အမေရိကန်နိုင်ငံ၏ နျူကလီးယားလက်နက် အစီအစဉ်အသေးစိတ်နှင့် နိုင်ငံခြားရေး မူဝါဒများကို ရုရှားနိုင်ငံအတွက် စုံစမ်းထောက်လှမ်းမှုဖြင့်လူ၁၀ဦးအားဖမ်းဆီးခဲ့ကြောင်း အမေရိကန်နိုင်ငံ၏ ထုတ်ဖော်ပြောဆိုချက်ကို ရုရှားနိုင်ငံက ပြင်းထန်စွာ ငြင်းဆိုတုံ့ပြန်ခဲ့လေသည်။ ယင်းစွပ်စွဲချက်များသည် အခြေအမြစ်မရှိသည့်အပြင် မရိုးသားသော ရည်ရွယ်ချက်များနှင့် စွပ်စွဲပြောဆိုခြင်းဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောဆိုသည်။ အဆိုပါစွပ်စွဲချက်ကြောင့် နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်မည်ကို စိုးရိမ်ရပေသည်။ ထို့ကြောင့် အမေရိကန်အစိုးရအနေဖြင့် အဆိုပါဖြစ်ရပ်တစ်ခုလုံးအပေါ် ရှင်းလင်းပြန်ကြားပေးရန် ရုရှားနိုင်ငံခြားရေးဝန်ကြီးက တောင်းဆိုခဲ့သည်။ FBI အဖွဲ့သည်အဆိုပါသံသယရှိသူများကို ၁၀နှစ်တာမျှ နောက်ယောင်ခံ၍ စုံစမ်းထောက်လှမ်းခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ နေအိမ်များ၊ ဟိုတယ်ခန်းများတွင် လျှို့ဝှက်အသံဖမ်းစက်များ မြှုပ်နှံ၍လည်းကောင်း၊၎င်းတို့၏ ဖုန်းဆက်သွယ်မှုများနှင့် အီးမေးလ်များကို စစ်ဆေး၍လည်းကောင်း ထောက်လှမ်းခဲ့ခြင်းဖြစ်သည်။ (အေအက်ဖ်ပီ)

## တူရကီနှင့် အစ္စရေး လျှို့ဝှက်ဆွေးနွေးမှုပြုလုပ်

ဂါဇာကမ်းမြောင်ဒေသသို့ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရန်လာသော သင်္ဘောအုပ်စုကို အစ္စရေးတို့က စီးနင်းတိုက်ခိုက်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အစ္စရေးနိုင်ငံနှင့် တူရကီနိုင်ငံတို့အကြား အဆင့်မြင့်ဆွေးနွေးပွဲတစ်ခုကို ပြုလုပ်လျက်ရှိသည်ဟု အစ္စရေးတို့ဘက်မှ ထုတ်ပြန်ကြေညာသည်။ တူရကီဘက်မှ မေတ္တာရပ်ခံသဖြင့် ယင်းအစည်းအဝေးပွဲကို ပြုလုပ်သည်ဟု သိရှိရသည်။ တူရကီနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး အာမတ်ဒါဘူတိုဂလူနှင့် အစ္စရေးဘက်မှ ကုန်သွယ်ရေးဝန်ကြီး ဘင်အီလေဇာတို့ ကိုယ်စားပြုဆွေးနွေးကြသည်။ ဆွေးနွေးပွဲကျင်းပရာနေရာကို လျှို့ဝှက်ထားရှိသည်။ အကဲခတ်သူများက ဆွေးနွေးပွဲကို ဆွစ်ဇလန် (သို့မဟုတ်) ဘရက်ဆဲလ်မြို့တွင် ကျင်းပဖွယ်ရာရှိသည်ဟု ပြောဆိုကြသည်။ စောစောပိုင်းက တူရကီနိုင်ငံသည် အစ္စရေးနိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုများကို ကန့်သတ်သွားမည်ဟု ထုတ်ဖော်ပြောဆိုသည်။ (ဘီဘီစီ)

## နေစွမ်းအင်သုံး လေယာဉ်ကို ညအခါမောင်းနှင်ပျံသန်းမည်

၁၉၉၉ခုနှစ်တွင်  လေပူပေါင်းဖြင့် ကမ္ဘာတစ်ပတ် မရပ်မနားပျံသန်းခဲ့သူ ဒေါက်တာ ဘားထရန်ပစ်ကတ်သည် ၄င်း၏မိတ်ဆွေ လေယာဉ်မောင်း အန်ဒရေဘော့ချ်ဘတ်နှင့် တွဲဖက်၍ နေစွမ်းအင်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်လျက်ရှိသည်။ ဘော့ချ်ဘတ်သည် နေစွမ်းအင်သုံး HB-SIA လေယာဉ်ဖြင့် ညဘက်ပျံသန်းမှုကို စမ်းသပ်ပြုလုပ်မည်ဖြစ်သည်။ ၄င်းလေယာဉ်သည် ယခင်အခါက လူလိုက်ပါခြင်းမရှိဘဲ ညအခါပျံသန်းမှုကို ပြုလုပ်ပြီးဖြစ်သည်။ လေယာဉ်ပေါ်တွင်ပါသော နေရောင်ခြည်ဆဲလ် တစ်သောင်းနှစ်ထောင်က နေ့အခါတွင် လုံလောက်သောစွမ်းအင်များကို စုဆောင်း၍ ညအခါတွင် အားဖြည့်ထားသော ဘက်ထရီဖြင့် လေယာဉ်ကို မောင်းနှင်မည်ဖြစ်သည်။၄င်းလေယာဉ်အားအလွန်ပေါ့ပါးသော သတ္တုစပ်များနှင့် တည်ဆောက်ထားသည်။ ယခုပျံသန်းမှု အောင်မြင်ပါက နောက်၂နှစ်အကြာတွင် နေစွမ်းအင်ကိုသုံး၍ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။ (ဘီဘီစီ)

## တရုတ်နျူခါတ်ပေါင်းဖို ရောင်းချရန် ပါကစ္စတန် တွန်းအားပေး

တရုတ်နိုင်ငံ နျူကလီးယားအင်အားသုံး ဓါတ်ပေါင်းဖိုများ ပါကစ္စတန်သို့ ရောင်းချရန် အဆိုပြုချက်နှင့် စပ်လျဉ်း၍ နောက်ဆုံး ဆုံးဖြတ်ချက် ချမှတ်ရန် ပါကစ္စတန်သမ္မတက တွန်းအားပေးမည်ဟု ဆိုသည်။ ထိုဓါတ်ပေါင်းဖိုနှစ်လုံး ရောင်းချမည့်အစီအစဉ်အပေါ် နိုင်ငံတကာက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။ တရုတ်နှင့် ပါကစ္စတန် အရပ်ဘက်သုံး နျူကလီးယားပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်က တတိယနိုင်ငံ တစ်နိုင်ငံအတွက် ရည်ရွယ်ပြုလုပ်ခြင်း မဟုတ်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကဆိုသည်။ တရုတ်-ပါကစ္စတန် ပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံတကာ နျူကလီးယားမပြန့်ပွားရေးစနစ်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ (အင်တာနက်)

## ကမ္ဘာ့ အကြီးဆုံးရေနံပြင်ဖယ်ရှားရေးသင်္ဘော မက္ကဆီကိုသို့ရောက်ရှိ

ကမ္ဘာ့အကြီးဆုံး ရေနံပြင်ဖယ်ရှားရေးသင်္ဘောသည် မက္ကဆီကိုပင်လယ်ကွေ့ ရေနံပြင်ရှင်းလင်းရေးလုပ်ငန်းတွင်ပါဝင်ရန် ရောက်ရှိနေပြီဖြစ်သည်။ လုပ်ငန်းများလုပ်ကိုင်ရန်ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း သင်္ဘောကိုပိုင်ဆိုင်သော တရုတ်တိုင်ပေကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည် အဝေးလ်ရေနံဆယ်ယူရေးသင်္ဘောကိုအစကကုန်တင်သင်္ဘောအဖြစ် ပုံစံထုတ်တည်ဆောက်ခဲ့သော်လည်း မက္ကဆီကိုပင်လယ်ကွေ့၌ ရေနံယိုဖိတ်မှုပြဿနာကြောင့် ရေနံဆယ်ယူဖယ်ရှားရေးသင်္ဘောအဖြစ်ပုံစံပြောင်းကာယခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

# သတင်းအတို

## Blu - ray Disc များ မြန်မာနိုင်ငံသို့ ပထမဆုံးတင်သွင်းမည်

ကမ္ဘာပေါ်တွင် ဆယ်စုနှစ်တစ်ခုကြာက ပေါ်ထွက်ခဲ့ပြီး ယခုအချိန်အထိ အမြင့်ဆုံးနည်းပညာသစ်အဖြစ် ရပ်တည်နေသည့် Blu-ray နည်းပညာအသုံးပြုထားသည့် Blu-ray Disc များကို ပထမဆုံးတင်သွင်းလာရန်ရှိကြောင်း Panasonic နှင့် Sony အမှတ်တံဆိပ် အီလက်ထရွန်နစ်ပစ္စည်းများ တင်သွင်းဖြန့်ချိသည့် TMW Enterprise ကုမ္ပဏီလီမိတက် လက်ထောက်မန်နေဂျာ ဒေါ်သဥ္ဇာက ပြောကြားသည်။ ပစ္စည်းသစ်ဖြစ်သည့်အတွက် ဈေးနှုန်းမှာ ကြီးမြင့်နိုင်ကြောင်း Blu-ray နည်းပညာအသုံးပြုထားသည့် အခွေတစ်ခွေဈေးနှုန်းပင် အမေရိကန်ဒေါ်လာ၃၅ဒေါ်လာခန့်ပေါက်ဈေးရှိနေကြောင်း ၎င်းကဆိုသည်။ နိုင်ငံတကာတွင်လည်း လက်ရှိအချိန်တွင် DVD နေရာ၌ တဖြည်းဖြည်းအစားထိုး အသုံးပြုလာသည်ကိုတွေ့ရကြောင်း ပြည်တွင်းဈေးကွက်သို့လည်း ဧပြီလက မိတ်ဆက်တင်သွင်းခဲ့ပြီး ဆက်လက်တင်သွင်းဖြန့်ချိရန် အစီအစဉ်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၂၈ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံအခြေစိုက် TAITRA တို့ပူးပေါင်း၍ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဖွန် ၂၈ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရန် စီစဉ်ထားရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် UMFCCI သို့ အမည်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း- ၂၁၄၃၄၄ နှင့် ၂၁၄၃၄၉ တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၂၆ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ကျပ်ငါးသိန်းတန်ဖုန်း တစ်နေ့လျှင် လိုင်း ၁,၀၀၀ ချထားပေးနေ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများကို ရန်ကုန်မြို့တွင် ၂၄နာရီအတွင်း ငှားရမ်းသုံးစွဲနိုင်ရန် စီစဉ်ပေးခဲ့ရာ တစ်နေ့လျှင် လိုင်းပေါင်း ၁,၀၀၀ခန့် ချထားပေးလျက်ရှိကြောင်း ထိုဖုန်း RUM ကတ်များကို ထုတ်ပေးလျက်ရှိသည့် အီလိုက်တက် ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဖုန်း RUM ကတ်များကို မင်္ဂလာဒုံ၊ ကြည့်မြင်တိုင်၊ မြောက်ဥက္ကလာပ၊ ကျောက်တံတား၊ ဗဟန်းမြို့နယ်များရှိ အီလိုက်တက် အရောင်းစင်တာများတွင် ထုတ်ယူနိုင်သည်။ "လက်ရှိမှာတော့ ပန်းဆိုးတန်းနဲ့ ကြည့်မြင်တိုင်က ကတ်ထုတ်ပေးရတာအများဆုံးပဲ။ တစ်ရက်ကို ကတ် ၃၀၀-၄၀၀လောက်စီထုတ်ပေးနေရတယ်"ဟု ၎င်းက ပြောသည်။ ထိုအစီအစဉ်ကို စတင်ဆောင်ရွက်ပေးသည့် ယခုလ ၂၁ ရက်မှ ၂၃ရက်အထိ ဖုန်းကတ်ပေါင်း ၂,၅၀၀ကျော်ကို ထုတ်ပေးပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။ ထိုဖုန်းလိုင်းများကို ရန်ကုန်မြို့တွင် ၈၀,၀၀၀၊ မန္တလေးမြို့တွင် ၂၀,၀၀၀၊ စုစုပေါင်း တစ်သိန်း ထပ်မံချထားပေးမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## Air Asia လေကြောင်းလိုင်းမှ လက်မှတ်များကို Credit ကတ်မပါဘဲ ဝယ်နိုင်ပြီ

Air Asia လေကြောင်းလိုင်းမှ လေယာဉ်လက်မှတ်များကို Credit ကတ်မပါဘဲ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းမှ သိရသည်။ ယခင်က Air Asia လေကြောင်းလိုင်းမှာ လေယာဉ်လက်မှတ်များကို Credit ကတ်ဖြင့်သာ ဝယ်ယူခဲ့ရာမှ ယခုအခါယင်းသို့ ပြောင်းလိုက်ခြင်းဖြစ်သည်။ " ဈေးနှုန်းတွေကို အွန်လိုင်းမှာ တင်ထားတယ်၊ ပေါက်ဈေး အတိုင်း လာဝယ်နိုင်ပါတယ် " ဟု ယင်း၏ တာဝန်ရှိသူကပြောသည်။ Air Asiaမှ ၂၀၀၆ ခုနှစ်က ရန်ကုန်မှ ဘန်ကောက်သို့ တစ်နေ့လျှင် တစ်ခေါက်ပြေးဆွဲနေရာမှ လာမည့်ဇူလိုင်လ ၁၅ရက် ကစ၍ တစ်နေ့လျှင် နှစ်ခေါက်ပြေးဆွဲတော့မည်ဖြစ်ပြီး ဇူလိုင်လအတွင်း Promotion များပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် ရန်ကုန်မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူသို့ ဇူလိုင်လ ၂၀ ရက်တွင် ပထမဆုံးပျံသန်းမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁ရက်နေ့ထုတ် ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရခိုင်ပြည်နယ်အတွင်း ဆင်ဖြူတော်တစ်စီး ဖမ်းဆီးရမိ

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း၊ တောဆင်ငါးကောင်အုပ်ထဲတွင် ဆင်ဖြူတော်တစ်စီးပါဝင်ကြောင်း ဒေသခံပြည်သူတို့၏ သတင်းပေးပို့ချက်အရ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဖမ်းအဖွဲ့များက ရှာဖွေဖမ်းဆီးခဲ့ရာ ဖွန် ၂၆ရက် ညနေ ၄နာရီ ၂၅မိနစ်ခန့်တွင် ဆင်ဖြူတော်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းဆင်ဖြူတော်မှာ အသက် ၃၈နှစ်ခန့်ရှိ ဆင်မဖြစ်ပြီး အရပ် ၇ပေ ၄လက်မရှိကာ လုံးပတ်မှာ ၁၀ပေ ၁၁လက်မရှိကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၂၉ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## နေပြည်တော်-ရန်ကုန် ခရီးသည်ယာဉ် ၉၀ရာခိုင်နှုန်းမှာ အမြန်လမ်းမကြီးမှပြေးဆွဲ

နေပြည်တော်တွင် အခြေပြု၍ ရန်ကုန်မြို့နှင့် ဆက်သွယ်ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်အားလုံး၏ ၉၀ရာခိုင်နှုန်းမှာ လမ်းကြေးသက်သာသည့် အမြန်လမ်းမကြီးမှ မောင်းနှင်ပြေးဆွဲနေကြောင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)ဥက္ကဋ္ဌ ဦးဝင်းဆွေက ပြောကြားသည်။ "ယာဉ်တွေအားလုံးရဲ့ ၉၀ရာခိုင်နှုန်းက အမြန်လမ်းကချည်းမောင်းနေတာပါ။ အဲဒီအတွက် လမ်းကြေး၊ တံတားကြေးတွေ ပြောင်းလဲမှုမရှိပါဘူး။ အမြန်လမ်းကမောင်းရင် အိတ်စပရက်(စ်)တစ်စီးအတွက် အသွား၊ အပြန်ကျပ် နှစ်သောင်းခွဲပဲကျပါတယ်။ လမ်းဟောင်းကမောင်းရင်တော့ အဲဒီထက်ပိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ခရီးသည်ယာဉ်အားလုံး အမြန်လမ်းတွင် မောင်းရန်မှာမူ မဖြစ်နိုင်သေးကြောင်း၊ တောင်ငူ၊ ပဲခူးကဲ့သို့ လမ်းပိုင်းဆင်းမည့်ခရီးသည်များ ရှိနေသည့်အတွက် လမ်းဟောင်းမှ မောင်းသည့်ယာဉ်များရှိနေဦးမည်ဖြစ်ကြောင်း၊ အချို့သော ယာဉ်များမှာလည်း တောင်ငူမြို့အနီး ခရီးသည်ချပေးပြီး ယင်းမှ အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်လေ့ရှိကြောင်းလည်း သိရသည်။ လောလောဆယ် ခရီးသည်ရရှိသည့် အခြေအနေမှာမူ မိုးရာသီရောက်ရှိလာသဖြင့် အရေအတွက် လျော့နည်းလာသော်လည်း ယာဉ်အရေအတွက် လျှော့ချထားခြင်းမရှိကြောင်း သိရသည်။ ထို့အပြင် ယာဉ်အများစုမှာ ခရီးသည်ထိုင်ခုံအပြည့်မရရှိဘဲ မောင်းနှင်ပြေးဆွဲပေးလျက်ရှိကာ လုပ်ငန်းကို စဉ်ဆက်မပြတ် လည်ပတ်နေရကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ကမ္ဘာ့မြို့များထိပ်သီးနှင့် စင်ကာပူအပြည်ပြည်ဆိုင်ရာ ရေသီတင်းပတ်ဖွင့်ပွဲအခမ်းအနား မြန်မာတက်ရောက်

၂၀၁၀ ကမ္ဘာ့မြို့များထိပ်သီးနှင့် စင်ကာပူအပြည်ပြည်ဆိုင်ရာ ရေသီတင်းပတ်ဖွင့်ပွဲအခမ်းအနားကို မြန်မာတက်ရောက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့မြို့များထိပ်သီးနှင့် စင်ကာပူ အပြည်ပြည်ဆိုင်ရာ ရေသီတင်းပတ် (Singapore International Water Week and World Cities Summit) ဖွင့်ပွဲအခမ်းအနားကို စင်ကာပူနိုင်ငံတွင် ဇွန်လ ၂၈ရက်နေ့ ညနေပိုင်းက Suntec City Convention Centre တွင် ကျင်းပခဲ့ပြီး စင်ကာပူ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Teo Chee Hean တက်ရောက်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့ တက်ရောက်ခဲ့သည်။ ထို့ပြင် ဥရောပ၊ အာရှ၊ အာဖရိက၊ အရှေ့တောင်အာရှ အပါအဝင် နိုင်ငံစုံမှ စုစုပေါင်း ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဝက်ဘ်ဆိုက်တင်မည်

ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သတင်းအချက်အလက်များ အချိန်ပြည့်ဖြန့်ဝေနိုင်ရန် ဝက်ဘ်ဆိုက်တစ်ခုလွှင့်တင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သိရသည်။ ပြည်တွင်းဆန်စပါး ရောင်းဝယ်မှုများ ပြုလုပ်နေကြရာတွင် တစ်နေရာနှင့်တစ်နေရာ ဈေးနှုန်းကွာခြားချက်များရှိနေသလို သတင်း အချက် အလက် များကိုလည်း မှန်ကန်စွာမရရှိဘဲ ဖြစ်နေကြကြောင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အခြေအနေကိုပါ ဆန်စပါးလုပ်ကိုင်သူအားလုံး သတိထားရန်လိုအပ်ပြီး ထိုကဲ့သို့ သိထားမှသာ မိမိတို့၏ ရောင်းဝယ်ရေးလုပ်ငန်းများအတွင်း မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို ကြိုတင်ပြင်ဆင်ကြနိုင်မည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ ဝက်ဘ်ဆိုက်တွင် ပြည်တွင်းဆန်စပါးအမျိုးအစားအလိုက် ပေါက်ဈေးရောင်းဝယ်မှုအခြေအနေ၊ ပြည်ပတင်ပို့မှုအခြေအနေ၊ နိုင်ငံတကာဆန်ဈေးအဆင့်လိုက် ပေါက်ဈေး ဈေးနှုန်းအတက်အကျများကိုပါ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၄ရက်နေ့ထုတ် 24/7 News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဘဏ်လုပ်ငန်းပညာရှင် ဦးဝင့်ကျော်မှ "နိုင်ငံခြားငွေ မိတ်ဆက်နိဒါန်း" ခေါင်းစဉ်ဖြင့် ဟောပြောမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Han Sein Thant Engineering & Trading ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇူလိုင် ၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဘဏ်လုပ်ငန်းပညာရှင် ဦးဝင့်ကျော်က "နိုင်ငံခြားငွေ မိတ်ဆက်နိဒါန်း" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## မုံရွာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါက်တာမိုးမိုးခိုင်က "အဖွဲ့အစည်းများတွင် ကိုယ်ကျင့်တရားဖွံ့ဖြိုးရေး" (Moral Development in Organization) ခေါင်းစဉ်ဖြင့် ဟောပြောမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၃ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower (ပထမထပ်) ခန်းမကြီး၌ မုံရွာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါက်တာမိုးမိုးခိုင်က "အဖွဲ့အစည်းများတွင် ကိုယ်ကျင့်တရားဖွံ့ဖြိုးရေး" (Moral Development in Organization) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာ့လူဦးရေ ၅၉ သန်းကျော်သို့ ရောက်ရှိလာပြီး တစ်နိုင်ငံလုံးတွင် ၁၈ နှစ်ပြည့်ပြီးသူဦးရေ သန်း ၃၀ ကျော်ခန့်ရှိ

မြန်မာ့လူဦးရေသည် ၅၉ သန်းကျော်သို့ ရောက်ရှိလာပြီဖြစ်ပြီး တစ်နိုင်ငံလုံးတွင် အသက် ၁၈ နှစ် ပြည့်ပြီးသူဦးရေမှာ သန်း ၃၀ ကျော်ခန့် ရှိလာပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မြန်မာတစ်နိုင်ငံတစ်ဝန်းလုံးတွင် ကောက်ယူထားသော သန်းခေါင်စာရင်းအရ အသက် ၁၀ နှစ် ပြည့်ပြီးသူဦးရေမှာ ၈၇၇၁၆၄၆ ဦးရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီးသူဦးရေမှာ ၃၀၇၃၅၆၁၈ ဦး ရှိလာကြောင်း သိရသည်။ မြန်မာတစ်နိုင်ငံလုံး၏ လူဦးရေမှာ နိုင်ငံတစ်ဝန်းလုံး ကောက်ယူထားသော သန်းခေါင်စာရင်းများအရ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁ရက်နေ့အထိ အမျိုးသားဦးရေ ၂၉၃၉၉၇၄၄ဦး နှင့် အမျိုးသမီးဦးရေမှာ ၂၉၇၃၀၁၅၆ ဦး ရှိကြောင်းသိရပြီး စုစုပေါင်း မြန်မာ့လူဦးရေမှာ ၅၉၁၂၉၉၀၀ ဦး ဖြစ်သည်ဟု ထုတ်ပြန်ချက်များအရ သိရသည်။ မြန်မာ့လူဦးရေသည် နှစ်စဉ် ၂.၀၂% ဖြင့်တိုးတက်လျက်ရှိပြီး အသက် ၂၀ နှစ်အောက် မျိုးဆက်သစ်အင်အားမှာ ၁၉.၈၃ သန်း ရှိလာပြီ ဖြစ်သည်ဟု သိရသည်။ ၁၉၈၈ ခုနှစ်က မြန်မာ့လူဦးရေသည် ခန့်မှန်းလူဦးရေ ၃၉.၃ သန်းနီးပါး ရှိခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၂ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

<u>အနှိုင်းမဲ့မီး</u>

ရာဂဆိုတာ စွဲတဲ့သဘောကို ခေါ်တာပါ။ အဝတ်ဖြူလေးတစ်ခုပေါ်မှာ ဆေးရောင်တစ်ခုခု ဆိုးလိုက်မယ်ဆိုရင် ဆိုးလိုက်တဲ့ဆေးရောင်လေး အဲဒီအဝတ်ဖြူပေါ်မှာ စွဲကျန်ရစ်ခဲ့ပါတယ်။

အဝါရောင်ဆိုးရင် အဝါရောင်စွဲကျန်ရစ်မယ်၊ အနီရောင်ဆိုးရင် အနီရောင်စွဲကျန်ရစ်မယ်၊ အဲဒီလို စွန်းထင်းပေကျံပြီး စွဲကျန်ရစ်တဲ့သဘောကို ရာဂလို့ခေါ်ပါတယ်။

တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခု၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခုထက်များတဲ့ သက်ရှိပုဂ္ဂိုလ်၊ သက်မဲ့အရာဝတ္ထုတွေရဲ့အပေါ်မှာ မိမိရဲ့စိတ်ကလေး စွန်းထင်းစွဲကပ်နေတဲ့သဘောကို ရာဂလို့ခေါ်ပါတယ်။ ဒါကိုပဲ လွယ်ကူအောင် စွဲလမ်းခြင်း၊ တပ်မက်ခြင်း၊ ငြိကပ်ခြင်းလို့ သုံးနှုန်းကြပါတယ်။

အလွယ်ကူဆုံးပြောရရင် အာရုံပေါ်မှာ စိတ်စွဲနေခြင်းသဘော၊ စိတ်ပေါ်မှာ အာရုံစွဲနေခြင်းသဘောကို ရာဂလို့ခေါ်ပါတယ်။ ရာဂဆိုတာ အဝတ်ဖြူပေါ်ဆိုးတဲ့ဆေးရောင်နဲ့တူတယ်လို့သာ မှတ်ထားလိုက်ရင် သဘောပေါက်ဖို့ မခက်ပါဘူး။

သံယောဇဉ်တို့၊ အနှောင်အဖွဲ့တို့ဆိုတာကိုလည်း ရာဂစာရင်းထဲမှာပဲ ထည့်သွင်းရပါတယ်။ ဘာလို့လဲဆိုတော့ သံယောဇဉ်ကြီးရင်ကြီးသလောက်၊ အနှောင်အဖွဲ့တင်းရင်းသလောက် ပူလောင်လို့ပါပဲ။

ရာဂဆိုတာ ဖိုမကိစ္စဆောင်ရွက်တဲ့အခိုက်မှာ ဖြစ်နေတဲ့ သဘောတစ်မျိုးတည်းကိုသာ ဆိုလိုတာမဟုတ်ပါဘူး။ အာရုံနဲ့ အရသာခံစားမှုကို သာယာငြိကပ်တဲ့စိတ်နဲ့ ချစ်ခင်နေတာမှန်သမျှ၊ စွဲလမ်းနေတာမှန်သမျှ၊ သံယောဇဉ်မှန်သမျှ၊ အနှောင်အဖွဲ့မှန်သမျှကို ရာဂလို့ဆိုလိုပါတယ်။

အတိုချုပ်ကတော့ ချစ်စရာလို့ မိမိထင်မြင်ယူဆနေတဲ့ သက်ရှိသက်မဲ့ အရာမှန်သမျှကို ချစ်နေတဲ့သဘောအားလုံးဟာ ရာဂပါပဲ။ သူ့ အကျိုးလိုလားတဲ့ မေတ္တာနဲ့ ချစ်တာမဟုတ်ဘဲ ကိုယ့်အကျိုးလိုလားတဲ့ တဏှာချစ်နဲ့ ချစ်တာမှန်သမျှ ရာဂတွေချည်းပါ။

လောကမှာ လက်ရှိ အထင်အရှား သုံးနှုန်းနေတဲ့စကား(လောကဝေါဟာရစကား၊ အထင်ရှဋ္ဌီစကား)နဲ့ ပြောရရင်တော့ ရာဂဆိုတာ အချစ်ပါ၊ ရာဂမီးဆိုတာ အချစ်မီးပါ။

"အချစ်ဟာ . . . မီးလား" လို့ ရုပ်ရှင်ကွက်ထဲမှာ ကလေးတွေအော်ဆိုနေသံ ကြားဖူးပါတယ်။ သံသယအတွေးနဲ့ ဘာမှ စဉ်းစားမနေပါနဲ့၊ အချစ်ဟာ မီးပါ။ မီးတောင်မှ ရိုးရိုးသာမန်မီးမဟုတ်ပါဘူး။ တစ်လောကလုံးမှာ ရှိရှိသမျှ မီးအားလုံးထဲမှာ အပူဆုံးမီး၊ အနှိုင်းမဲ့မီးပါ။ အချစ်ထက်ပူတဲ့မီး လောကမှာ မရှိတော့ပါဘူး။

တစ်စုံတစ်ယောက်၊ သို့မဟုတ် တစ်စုံတစ်ခုအပေါ်မှာ စွဲစွဲလမ်းလမ်းချစ်နေပြီ၊ စွဲစွဲလမ်းလမ်း ငြိကပ်တပ်မက်နေပြီးဆိုရင် မရခင်မှာလည်း မျှော်လင့်တမ်းတခြင်းတွေနဲ့ ပူလောင်ရပါတယ်။ ရနေဆဲအချိန်တွေမှာလည်း သာယာယစ်မူးခြင်းတွေနဲ့ ပူလောင်ရပါတယ်။ ရပြီးလို့ ပျောက်ကွယ်ပျက်စီးသွားတဲ့အခါမှာလည်း ဆွေးမြေ့ကြေကွဲခြင်းတွေနဲ့ ပူလောင်ရပါတယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလသုံးပါးလုံးမှာ လောင်တဲ့မီးဟာ ရာဂမီးပါပဲ။

တစ်ခါတုန်းက ပိုက်ကွန်တစ်ခုမှာ မိလာတဲ့ ငါးကြီးတစ်ကောင်ကို တံငါသည်တွေက ချက်ချင်းသတ်မပစ်ဘဲ မီးကင်စားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သဲသောင်ပြင်ပေါ်မှာ ချထားလိုက်ပါတယ်။ ငါးကြီးကို မီးကင်စားဖို့အတွက် မီးမွှေးတဲ့သူကမွှေး၊ ငါးထိုးဖို့ တံစူးဝါးချွန်တဲ့သူကချွန်နေကြပါတယ်။ အဲဒီအချိန်မှာ ငါးကြီးက သည်းထန်စွာ ငိုကြွေးပြီးတော့ တံငါသည်တွေကို တောင်းပန်စကားပြောကြားပါတယ်။

"အို . . . တံငါသည်အပေါင်းတို့ . . .၊ သင်တို့အခုမွှေးနေတဲ့မီးကလည်း ကျွန်ုပ်ရဲ့စိတ်ကို မပူလောင်စေနိုင်ပါဘူး။ သင်တို့ အခုချွန်နေတဲ့ တံစူးဝါးတံကလည်း ကျွန်ုပ်ရဲ့စိတ်ကို မပူလောင်စေနိုင်ပါဘူး"

"ကျွန်ုပ်ရဲ့စိတ်ကို အကြီးအကျယ် ပူလောင်စေနိုင်တာကတော့ ကျွန်ုပ်သိပ်ချစ်ရတဲ့ ကျွန်ုပ်ရဲ့ချစ်ဇနီး ငါးမလေးပါပဲ"

"အခုချိန်လောက်ဆိုရင် ကျွန်ုပ်ချစ်မယား မရွှေငါးဟာ ကျွန်ုပ်ကို မမြင်ရ၊ မတွေ့ရတဲ့အတွက်ကြောင့် တခြားငါးမတစ်ကောင်ရဲ့ နောက်ကို ကျွန်ုပ်လိုက်သွားပြီလို့ အထင်လွဲနေတော့မှာ သေချာပါတယ်။ တကယ်ဆို ကျွန်ုပ်အချစ်ဆုံးသူဟာ ကျွန်ုပ်ရဲ့ချစ်ဇနီး ငါးမလေးပါ။ သူမကလွဲရင် ဘယ်ငါးမကိုမှ ကျွန်ုပ်မချစ်ခဲ့ပါဘူးဗျာ"

"အခုတော့ သင်တံငါသည်တို့ကြောင့် ကျွန်ုပ်ကို နောက်မီးလင်းနေပြီလို့ အချစ်ဆုံးမေ ငါးလေးရွှေက အထင်လွဲနေလောက်ပါပြီ။ အချစ်ဆုံးထွေး ငါးမလေးရဲ့ အဲဒီအထင်လွဲမှုက ကျွန်ုပ်ရဲ့စိတ်၊ ကျွန်ုပ်ရဲ့နှလုံးသားကို တစစ်စစ်နာပြီး တရစ်ရစ်ကြွေအောင် အသည်းအသန် အပူအပြင်း လောင်မြိုက်နေပါပြီ"

"တံငါသည်အပေါင်းတို့ရယ် . . . လောကမှာ ရာဂမီး၊ အချစ်မီးထက်ပိုပြီး ပူလောင်တဲ့မီး မရှိတော့ပါဘူးဗျာ။ တစ်လောကလုံးမှာ ရာဂမီး၊ အချစ်မီးဟာ အပူလောင်ဆုံးမီးပါပဲ"

"သူ့ထက်ပိုပူပါတယ်လို့ နှိုင်းယှဉ်စရာမရှိတဲ့အတွက် အနှိုင်းမဲ့မီးလို့ ခေါ်ရတဲ့ ရာဂမီး၊ အချစ်မီးဟာ အခုအချိန်မှာ ကျွန်ုပ်ရဲ့နှလုံးသားကို အပြင်းအထန်လောင်မြိုက်လို့နေပါပြီ။ အနှိုင်းမဲ့မီးရဲ့ လောင်မြိုက်မှုဒဏ်ကို အသေအလဲခံစားနေရတဲ့ သနားစရာသတ္တဝါလေး ကျွန်ုပ်ကို သင်တံငါသည်တို့ မသတ်သင့်ပါဘူး။ ကျွန်ုပ်ကို လွှတ်ပေးကြပါနော်" လို့ ငါးကြီးက သနားစဖွယ် ငိုယိုတောင်းပန်ရှာပါတယ်။ ဒါပေမဲ့ တံငါသည်တွေကတော့ ငါးကြီးရဲ့ စကားသံကို ကြားလည်းမကြား၊ နားလည်းမလည်တဲ့အတွက်ကြောင့် မီးမွှေးမြဲ မွှေးနေကြပါတယ်။ တံစူးချွန်မြဲ ချွန်နေကြပါတယ်။

အဲဒီအချိန်မှာ တိရစ္ဆာန်တွေရဲ့ စကားသံကို သိနားလည်တဲ့ ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏားက သဲသောင်ပြင်ဘက် လမ်းလျှောက်ထွက်လာရင်းနဲ့ ငါးကြီး ငိုကြွေးတောင်းပန်နေတဲ့အသံကို ကြားတဲ့အတွက်ကြောင့် တံငါသည်တွေဆီမှာ အဲဒီငါးကြီးကို အလှူခံပြီး ရေထဲပြန်လွှတ်ပေးလိုက်လို့ အချစ်ကြီးတဲ့ ကိုရွှေငါးကြီးခမျာ အသက်ချမ်းသာရာ ရသွားခဲ့ပါတယ်။

သေကံမရောက်သေးလို့ အသက်မပျောက်ခဲ့တဲ့ ငါးကြီးရဲ့ အဖြစ်အပျက်ကို ကြည့်ပြီး "အချစ်က အရာရာကို ပြီးစီးစေနိုင်တယ်၊ အချစ်က အရာရာကို အကောင်းအတိုင်းဖြစ်စေနိုင်တယ်။ အချစ်မှာ အနန္တတန်ခိုးစွမ်းအင်တွေရှိတယ်" လို့တော့ တလွဲဆံပင်ကောင်း အချစ်ဒဿနတွေ ခပ်ကြောင်ကြောင် သွားမထုတ်လိုက်နဲ့ဦးနော်။

အချစ်ဆိုတာ ရာဂ၊ ရာဂဆိုတာ ကိလေသာ၊ ကိလေသာဆိုဆာ အကုသိုလ် ၊ အကုသိုလ်ဆိုတာ ဆိုးကျိုးကိုဖန်တီးပေးတဲ့အရာ၊ ဒီတော့ အချစ်ကြောင့် ကံကောင်းခြင်းလက်ဆောင်တွေ ရလိမ့်မယ်လို့ ဘယ်လိုနည်းနဲ့မှ မမျှော်လင့်ပါနဲ့။ အချစ်ကြောင့် ပူလောင်ခြင်းလက်ဆောင်တွေသာ တစ်ပွေ့တစ်ပိုက်ကြီး ရနိုင်တယ်ဆိုတာ သစ္စာတရားတစ်ခုအဖြစ် အရိုးစွဲအောင် မှတ်သားထားကြရမှာပါ။

ဆက်ရန်

# ဟာသ

## <u>အကျည်းတန်ချစ်သူ</u>

“ငါသူ့ကိုနမ်းတိုင်း ကောင်မလေးက မျက်စိကိုမှိတ်မှိတ်ထားတာ ဘာကြောင့်လဲကွာ”

“မင်းမျက်နှာကို မှန်ထဲပြန်ကြည့်လိုက်ရင် အဖြေတွေ့မှာပါ”

## <u>နံ့ရိုးကျိုးပြီလား</u>

“ကောင်မလေးနဲ့ ပထမဆုံးအကြိမ်ချိန်းတွေ့ပြီး အိမ်ပြန်လာတဲ့ညက ငါဖြင့် တံတွေးတောင်မှ မျိုမကျနိုင်တော့ဘူး”

“ဟား ကောင်မလေးကိုမင်း တကယ်ကြွေလာခဲ့ပြီပေါ့”

“ဟုတ်ဘူးကွ၊ သူက ကရာတေးချန်ပီယံလေ”

## <u>နီးစပ်ပါတယ်</u>

ကောင်လေးက သူ့လက်ထဲမှာ တစ်ခုခုဂုက်ထားပြီး “ငါ့လက်ထဲမှာဘာရှိလဲ မင်းပြောနိုင်ရင် ဒီညမင်းကို ငါအပြင်ခေါ်သွားမယ်”

ကောင်မလေးက “ဆင်တစ်ကောင်တဲ့”

“မဟုတ်ဘူး၊ ဒါပေမဲ့ အဖြေက နီးစပ်ပါတယ်၊ ဒီည ၇း၀၀နာရီမှာ မင်းကိုလာခေါ်မယ်”လို့ ကောင်လေးကပြောတယ်။

## ကျောင်းထွက်တော့

မျက်စိဆရာဝန်။ ။ ဟောဒီမျက်မှန်တပ်လိုက်တာနဲ့ မင်းဘာမဆို ဖတ်နိုင်သွားပြီ။

ကောင်လေးက။ ။ ဒါဆို ကျွန်တော် ကျောင်းလိုက်ဖို့မလိုတော့ဘူးပေါ့နော်။

## <u>သူပဲရှိလို့</u>

“မင်းဘာဖြစ်လို့ ဒီကောင်မလေးနဲ့ပဲ အမြဲတွဲနေတာလဲ”

“သူက အခြားကောင်မလေးတွေနဲ့မတူဘူး”

“ဘာလို့လဲကွ”

“ငါ့ကို လက်ခံပြီးတဲ့သူဆိုလို့ အဲဒီကောင်မလေးပဲရှိတာ”

## အမေအိမ်ထဲမှာရှိတယ်

အရောင်းစျေးသည်။ ။ (အိမ်ရှေ့မှာရပ်လျက်) ကလေးမ၊ သမီးအမေအိမ်ထဲမှာရှိသလား။

ကလေးမ။ ။ ရှိပါတယ်ရှင့်။

အရောင်းစျေးသည်။ ။ (အိမ်တံခါးခေါက်ပေမဲ့ အတွင်းက ဘယ်သူမှ ထွက်မလာတော့) သမီးအမေအိမ်ထဲမှာရှိတယ်ဆိုတာ တကယ်ဟုတ်ရဲ့လား။

ကလေးမ။ ။ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်မဒီအိမ်က မဟုတ်ဘူး။

ဂျလုံး

# ဗေဒင်

<u>ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)</u>

June 2th မှ July 8th ကြား

ဆိုးမယောင်နှင့် ကောင်းသောကာလဖြစ်သည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ ပိတ်နေသော လမ်းကြောင်းများ ပြန်ပွင့်မည်။ ကာလအတန်ကြာအခက်အခဲနှင့် ထိပ်တိုက်တွေ့ခြင်းများ ပပျောက်သွားမည်။ လုပ်ငန်းခွင်မှသူများအဖို့ အလုပ်အဆင့်တိုးတက်ခြင်းကြုံမည်။ မိမိအစွမ်းအစကို လက်တွေ့ပြသနိုင်သော အခွင့်အလမ်းရရှိမည်။ အကြီးအကဲများထံမှ လေးစားမှုကိုရရှိမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့ အခက်အခဲများကျော်လွှားပြီး ငွေကြေးဥစ္စာတိုးပွားမည်။ ဥစ္စာ၊ လာဘ်လာဘ တိုးပွားတိုးတက်မည်။ မူလရှိရင်းစွဲအနေအထားမှ ပိုမိုမြင့်သော အနေအထားသို့ ဦးတည်မည်။ အပြောအဆိုအောင်မြင်မည်။ လာဘ်ပွင့်မည်။ ကျန်းမာရေးတွင် အညံ့ရှိမည်။

<u>မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)</u>

June 2th မှ July 8th ကြား

ကိုယ်မလုပ်လိုသောကိစ္စများ အတင်းအကြပ်လုပ်ကိုင်စေမှုကြောင့် စိတ်မပါဘဲ စီမံခံရသည့်အတိုင်း လုပ်ရကိန်းကြုံမည်။ နောင်ကြိုးဖွဲ့ခံရသူအလား လွတ်လပ်မှုများ ဆုံးရှုံးမှု အလိုအလျောက် ဖြစ်ပေါ်မည်။ အိမ်ထောင်ပြုခြင်းကိစ္စ စီစဉ်ထားသူများ အခက်ကြုံ အနှောင့်အယှက်တွေ့တတ်သည်။ လူငယ်လူရွယ်များအဖို့ မေတ္တာရေး အရှုပ်အထွေးများ ဖြစ်ပေါ်နိုင်သည်။ လုပ်ငန်းခွင်မှ သူများအဖို့လည်း ရှေ့တိုးဆောင်ရွက်ရန် လိုက်လံပိတ်ဆို့တားဆီးသူများနှင့်တွေ့မည်။ မနာလိုခံရခြင်းနှင့် အတိုက်အခံများရှိမည်။ ကိုယ်က ကူညီဆောင်ရွက်ပေးလိုက်ခြင်းကြောင့် သူတစ်ပါးတွင် အကျိုးကောင်းများရမည်။ ငွေကြေး ကံကောင်းမည်။ နေအိမ်ကိစ္စစကားပြောဆိုမှု အဆင်ပြေမည်။ လက်အောက်ငယ်သား၊ အောက်လူ သစ္စာဖောက်ခြင်းကို ခံရတတ်သည်။

<u>နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)</u>

June 2th မှ July 8th ကြား

ဆောင်ရွက်နေသောကိစ္စ၊ လုပ်ကိုင်ထားသည့်ကိစ္စအလုံးစုံတို့မှ ကောင်းသောအကျိုးဆက်များရရှိမည်။ လုပ်ဆောင်သမျှ အလုံးစုံအဆင်ပြေ၍ ရည်ရွယ်ထားသည့်ကိစ္စမှန်သမျှတွင် မိတ်ဆွေများ၊ အကြီးအကဲများထံမှ အထောက်အကူကောင်းရမည်။ အတတ်ပညာနှင့် ဆောင်ရွက်သောကိစ္စများမှ ကောင်းကျိုးခံစားရမည်။ အရပ်ဝေးနှင့် ဆက်သွယ်လုပ်သောကိစ္စများမှ ထင်ရှားသော အကျိုးဆက်ကောင်းများ ရရှိမည်။ အတတ်ပညာကို အသုံးချ၍ ဆောင်ရွက်သောကိစ္စမှန်သမျှမှ အဆင့်မြင့်တိုးတက်မှုများ ဖြစ်ထွန်းမည်။ ငွေရေးကြေးရေးကိစ္စ၊ အလုပ်စီးပွားရေးရာတွင် ထူးခြားသော အကျိုးဆက်များ ဖြစ်ထွန်းမည်။ မိဘအကြီးအကဲများ၏ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။

<u>စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)</u>

June 2th မှ July 8th ကြား

အပြိုင်အဆိုင်များ၊ ယှဉ်လာသူများ၊ အတိုက်အခံပြုသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းရှိမည်။ အနီးကပ်လူ၊ ယုံကြည်လွဲအပ်ထားသူ၊ တွဲဖက်လုပ်ကိုင်သူတို့၏ မနာမကျန်းဖြစ်မှုကြောင့် အရာရာကိုယ်တိုင်ဆောင်ရွက်ရမည်။ လုပ်ရိုးလုပ်စဉ်ဖြစ်လင့်ကစား ဆောင်ရွက်နေကျမဟုတ်သည့် ကိစ္စများကိုပါ ကိုင်တွယ်လုပ်ကိုင်ရင်း နှောင့်နှေးမှု၊ ကြန့်ကြာမှုများရှိမည်။ ငွေကြေးအရင်းအနှီးများစွာမြှုပ်နှံပြီး လုပ်သောလုပ်ငန်းများမလုပ်သင့်ပေ။ အလုပ်ကိစ္စဆုံးဖြတ်ချက်များ အလောတကြီးချမှတ်ရန်မသင့်ပေ။ နေအိမ်တွင်လည်းကောင်း၊ အလုပ်တွင်လည်းကောင်း အပျောက်အရှများမည်။ အပြောင်းအလဲကိစ္စ၊ ခရီးကိစ္စများအတွက် ဆောင်ရွက်ရန် အထူးကောင်းသောကာလဖြစ်သည်။ ပြတ်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိန်ဆက်ရမိမည်။

<u>ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)</u>

June 2th မှ July 8th ကြား

အလုပ်အကြံအစည်သစ်များ လုပ်ကိုင်ရင်း အနှောင့်အယှက်များနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ ရန်များမည်။ ထိပ်တိုက်ရင်ဆိုင်ရမည့်၊ ဒုက္ခပေးမည့်လူသစ်၊ ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ အိုးအိမ်နေရာထိုင်ခင်း ကိစ္စအတွက် စိတ်ပင်ပန်းရကိန်းကြုံမည်။ မတော်တဆထိခိုက်မှုဖြစ်တတ်သည်။ ငွေလက်လွှန်တတ်သည်။ မျက်စေ့နှင့်ပတ်သက်၍ ဆေးကုသမှုခံရမည်။ အလုပ်သစ်များကို ဆောင်ရွက်၍ တိုးတက်မှုရမည်။ စကားကတိပျက်သောသူများနှင့် တွေ့မည်။ ကြားမှတာဝန်ယူ အာမခံထားသော ကိစ္စတစ်ခုကို လိုက်လံဖြေရှင်းရကိန်းကြုံမည်။ အနီးကပ်လူ ဒုက္ခပေးတတ်သည်။

<u>ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)</u>

June 2th မှ July 8th ကြား

ရည်မှန်းချက်အောင်မြင်မည်။ အတိုက်အခံများ ကျော်လွှားနိုင်မည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ စိတ်တိုဒေါသထွက်လွယ်မည်။ ဖြစ်ပေါ်နေသည့်ကိစ္စအလုံးစုံကို စိတ်လိုက်မာန်ပါ ဆောင်ရွက်ခြင်းထက် ခေါင်းအေးအေးနှင့် ဖြေရှင်းပါ။ အသက်အရွယ်ကြီးသူများနှင့် မိဘဆွေမျိုးသားချင်းများ၏ ကျန်းမာရေးအညံ့ရှိက အရေးတယူကုသပါ။ မပေါ့ဆရ။ မြှုပ်နှံထားသောငွေကြေးမှ ကောင်းသော အကျိုးအမြတ်ရရှိမည်။ လူသစ်၊ မိတ်ဆွေသစ်များနှင့် ဆက်ဆံ၍ တိုးတက်မှုသစ်ကြုံမည်။ အပြိုင်အဆိုင် အတိုက်အခံများရှိမည်။ တပြိုင်နက်တည်း တစ်ခုထက်မကသော အလုပ်ကိစ္စများ လုပ်ကိုင်ရမည်။

<u>ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)</u>

June 2th မှ July 8th ကြား

အခက်အခဲများကျော်လွှားနိုင်မည်။ တစ်ပြိုင်နက်တည်းတစ်ခုထက်မကသည့် အလုပ်တာဝန်များကို ကိုင်တွယ်ဖြေရှင်းနိုင်မည်။ မိမိအပေါ် ဒုက္ခပေးသောသူများနှင့် ပူးတွဲ၍ လုပ်ငန်းများလုပ်ရမည်။ လူယုံဒုက္ခပေးတတ်သည်။ ကိုင်တွယ်၍ နိုင်နိုင်နင်းနင်းမရှိသည့် ကိစ္စများကို ဟိတ်ဟန်ကောင်းအောင်ဆောင်ရွက်ပြီး ဝန်ထုပ်ဝန်ပိုးမိလာပြီး အခက်အခဲများနှင့် ရင်ဆိုင်ရမည်။ ပစ္စည်းပျောက်တတ်သည်။ ငွေကြေးကိစ္စကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းသတိရှိပါ။ ကိုယ့်အပေါ် ကူညီမည့်သူထက် ဒုက္ခပေးမည့်သူများ ဝန်းရံနေသည်။ အမည်အတွင်း (က၊ ခ၊ ပ၊ ဖ၊ မ) ပါသောသူများအား ငွေကြေးနှင့် ပတ်သက်၍ သတိနှင့်ဆက်ဆံပါ။ ပြဿနာများဖြစ်တတ်သည်။ တစ်ပါးသူအကူအညီအား စောင့်စားမျှော်လင့်ခြင်းကြောင့် တိုးတက်မှုများ ကြန့်ကြာမည်။

<u>အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)</u>

June 2th မှ July 8th ကြား

မမျှော်လင့်သော အခွင့်အရေးကောင်းများရမည်။ မထင်မှတ်သော အကူအညီရမည်။ မရည်ရွယ်ဘဲ ခရီးသွားရမည်။ မတောင်းဆိုဘဲ အလိုပြည့်မည်။ မတွေ့လိုသောသူများနှင့် ပြန်တွေ့ရမည်။ မပြောသောစကား၊ မလုပ်သောကိစ္စများအတွက် အထင်မှား အမြင်မှားခံရပြီး ဖြေရှင်းစကားပြောရမည်။ မလုပ်တော့ဟု သတ်မှတ်ထားသောကိစ္စများ ပြန်လည်လုပ်ဖြစ်မည်။ မဆင်မခြင်ပြောဆိုမှုကြောင့် ပြဿနာများဖြေရှင်းရမည်။ မထေမဲ့မြင်ပြုသူများနှင့် ပြဿနာဖြစ်တတ်သည်။ မစားရက်၊ မသောက်ရက် စုဆောင်းထားသောငွေများကို သူတစ်ပါးအတွက် သုံးစွဲရမည်။

<u>မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)</u>

June 2th မှ July 8th ကြား

အညံ့ကင်းသွားမည်။ လုပ်ငန်းအကြံအစည်များ အောင်မြင်မည်။ ရည်မှန်းထားသည်ထက်ပို၍ သာမြင့်သော အခွင့်အရေးကောင်း ကြုံမည်။ လူမျိုးကွဲ ကောင်းကျိုးပေးမည်။ ငွေကြေးကိစ္စ စကားပြောဆိုမှု အောင်မြင်မည်။ အလုပ်နှင့်ပတ်သက်သော ကံပွင့်မည်။ လုပ်ငန်းမရှိသူ အလုပ်ရ၍ လုပ်ငန်းရှိသူ တိုးတက်မည်။ တစ်ခုထက်ပိုသော လုပ်ငန်းများကို တစ်ပြိုင်နက်တည်းလုပ်ရမည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ၊ ငွေကြေးများ လက်ဝယ်ပြန်လည်ရကိန်း ရှိမည်။ ယခင်ကာလ အတန်ကြာက လုပ်ထားသောကိစ္စမှ ထူးခြားသော တိုးတက်မှုဖြစ်ပေါ်မည်။ မျှော်လင့်ချက်မထားတော့သော ကိစ္စများ ပြန်လည်ဆောင်ရွက်ရကိန်းကြုံနေသည်။

<u>ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)</u>

June 2th မှ July 8th ကြား

အခြေအနေသစ်နှင့် အခွင့်အလမ်းသစ်များပေါ်ပေါက်၍ မူလအနေအထားထက် ပိုမိုမြင့်မားသော ဘဝအဆင့်တစ်ခုသို့ ကူးပြောင်းတိုးတက်မည်။ အကြပ်အတည်းကြုံပြီး ရှေ့တိုးဆောင်ရွက်၍ မရသောကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ ငွေကြေးအကုန်အကျများမည်။ အချိန်ကုန်၊ ငွေကုန်ခံပြီး အကျယ်ချဲ့လွန်းခြင်းနှင့် ကြွားဝါလိုခြင်း၊ လုပ်သမျှ လူသိစေခြင်း၊ ထင်ပေါ်လိုစိတ်များ ပေါ်ပေါက်နေသည်။ စိတ်လျှော့ပါ။ ရိုးရိုးရှင်းရှင်းနှင့် အကျဉ်းရုံးပြီး ဆောင်ရွက်ခြင်းဖြင့် အလိုရှိရာ အလုံးစုံအောင်မြင်မည်။ ဆောင်ရွက်နေသော အလုပ်ကိစ္စကိုသော် လည်းကောင်း၊ ကိုယ်ရေးကိုယ်တာကိစ္စကိုသော်လည်းကောင်း စွက်ဖက်ပြောဆိုဒုက္ခပေးသူများနှင့် ကြုံမည်။ ရန်ပဋိပက္ခ၊ ခိုက်ရန်ဖြစ်လွယ်သည်။ စိတ်လျှော့ပါ။ အလုပ်ပို၊ ကိစ္စပိုများ လုပ်ရမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ္ဋရာသီ)

June 2th မှ July 8th ကြား

ဆိုးမယောင်နှင့် ကောင်းသောကာလဖြစ်သည်။ အများသူငါဆောင်ရွက် အဆင်ပြေရန် ခဲယဉ်းသော အကြောင်းအရာများကို ကိုယ်ကလုပ်ကိုင်အကျိုးပေးလိမ့်မည်။ သူတစ်ပါးလေးစားလောက်အောင် အောင်မြင်မည်။ သဘာဝကျကျ ၊ လက်တွေ့ကျကျ သုံးသပ်ဆုံးဖြတ်ပြီး အလုပ်အကိုင်များ ဆောင်ရွက်နိုင်မည်။ သူတစ်ပါးပြောဆိုမှုများနှင့် အကြံပေးခြင်းများအပေါ် စိတ်ယိုင်၊ စိတ်ညွှတ်ဦးစားပေးက အမှားကြုံတတ်သည်။ စာချုပ်၊ စာတန်းနှင့် ငွေကြေးရေးရာကိစ္စ အလုံးစုံပြောဆိုအဆင်ပြေမည်။ သူတစ်ပါးကိစ္စအတွက် အချိန်ကုန်၊ ငွေကုန်ကိန်းရှိသည်။ မောင်နမသားချင်းများအတွက် စိတ်ပင်ပန်းရမည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ အခက်အခဲအားလုံးကို ကျော်လွှားပြီး အဆင်ပြေမည်။ ခရီးကိစ္စဆောင်ရွက်မှုများ အောင်မြင်မည်။ မူလလမ်းကြောင်းမှ ခွဲထွက်ပြီး လုပ်ကိုင်သောကိစ္စများမှ အောင်မြင်မည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

June 2th မှ July 8th ကြား

အရာရာသတိနှင့် ဆောင်ရွက်ပါ။ လုပ်သမျှဖရိုဖရဲဖြစ်မည်။ ရန်အတိုက်အခံနှင့် ယှဉ်၍ အလုပ်အကြံအစည်အောင်မြင်မည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူရမည်။ ရရှိသောအခွင့်အလမ်းတို့အား ကိုယ်တိုင်အသုံးမချဘဲ တစ်ပါးသူအား လက်လွှဲရမည်။ သူတစ်ပါးအတွက် အကျိုးရှိပြီး ကိုယ့်အတွက် တော်ရုံသင့်ရုံသာ ရမည်။ ကိုယ်လုပ်သောကိစ္စများကို အမျိုးမျိုးအဖုံဖုံနှင့် လိုက်လံနှောင့်ယှက်သူများနှင့် တွေ့မည်။ ဝယ်ယူထားသောပစ္စည်းများ လက်ဝယ်ရောက်ပြီးမှ ဈေးနှုန်းကျဆင်းခြင်း ကြုံမည်။ ငွေကြေး လာရောက် ချေးငှားလိမ့်မည်။ လိမ်ညာနေသည်ကို သိလျှက်နှင့် အလိမ်ခံရမည်။ မောင်နမသားချင်းကိစ္စ၊ ဆွေမျိုးသားချင်းကိစ္စအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာများကြုံမည်။

# အားကစား

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံးအသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရွှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေးကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ နေဗလဝင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနင်းနင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## အသက်နည်းနည်းကြီးလာရင် ဒါရိုက်တာလုပ်ဖို့ ရည်မှန်းထားပါတယ်ဆိုတဲ့ အောင်ရဲလင်း

မော်ဒယ်လိုင်းကနေ မင်းသားဖြစ်လာတဲ့သူတွေထဲမှာ လက်ရှိအောင်မြင်နေတဲ့သူတွေထဲက အောင်ရဲလင်းကို မဟာထွန်းထုတ်လုပ်ရေးနဲ့ စင်တင်မင်းသားအဖြစ် လူသိများနေပါပြီ။ မင်းသားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အရပ်အမောင်း၊ ကိုယ်နေဟန်ထားနဲ့ ရုပ်ရည်တို့ကြောင့် မော်ဒယ်ဘဝမှာကတည်းက ပရိသတ်သတိပြုမှုကိုရခဲ့သူတစ်ဦးပါ။ ရှေ့မှာထုတ်လုပ်ရေးတစ်ခုနဲ့ မြင့်မိုရ်နာမည်နဲ့ စာချုပ်ချုပ်ရိုက်ကူးခဲ့ပြီး မအောင်မြင်ခဲ့သော်ငြားလည်း ခုတော့ မဟာထွန်းထုတ်လုပ်ရေးနဲ့ လက်တွဲကာ ဇာတ်ကား ၂၇ကား ရိုက်ကူးပြီးဖြစ်ပြီး မင်းသားအောင်ရဲလင်းရယ်လို့ အောင်မြင်ပီပြင်လာတဲ့ သူနဲ့ တွေ့ဆုံခဲ့သည်များကို တင်ဆက်လိုက်ပါတယ်။

မေး - စာချုပ်နဲ့ရိုက်တဲ့ မင်းသားတစ်ဦးအနေနဲ့ စာချုပ်ရဲ့အားသာချက် အားနည်းချက်တွေကို ပြောပြပေးပါ။

ဖြေ - ဒီစာချုပ်က အရမ်းချုပ်ထားတဲ့ပုံစံမဟုတ်ဘူး။ ဒီဗီဒီတို့၊ ကားကြီးတို့လည်း ပေးရိုက်တယ်။ လွတ်လပ်ခွင့်ရှိပါတယ်။ စာချုပ်နဲ့ရိုက်တော့ ကိုယ့်ဈေးကွက်ကို ကုမ္ပဏီကထိန်းပေးတယ်။ လောလောဆယ်ဈေးကွက် ဘာဖြစ်နေလဲဆိုတာကို ကုမ္ပဏီကအမြဲစောင့်ကြည့်နေတယ်။ ဈေးကွက်မှာ ကြိုက်နေတဲ့ကားမျိုးကို ရိုက်ပေးတယ်။ စာချုပ်ချုပ်ထားတဲ့အတွက် ကုမ္ပဏီနဲ့ ကိုယ်နဲ့ တစ်သားတည်းလိုဖြစ်သွားတာပေါ့။

မေး - ဘာဘီရုပ်လေးဇာတ်ကားမှာ ကိုအောင်ရဲလင်းရဲ့ ဖက်ရှင်တွေကို လူငယ်တွေ တော်တော်ကြိုက်ကြတယ်။ ဖက်ရှင်ဒီဇိုင်းကို ဘယ်သူနဲ့ တိုင်ပင်ပြီး ရွေးချယ်လဲ။

ဖြေ - အမေနဲ့ မကြည်ဖြူပဲစီစဉ်တာပါ။ သူတို့စီစဉ်တဲ့အပေါ်မှာ ဘယ်လိုဆို ပိုကောင်းမလဲလို့ စဉ်းစားပြီး ဝတ်ပါတယ်။ ဦးထုပ်ဆောင်းတယ်။ မျက်မှန်တပ်တယ်။ ဝေ့စ်ကုတ်တွေ ဝတ်တယ်ဆိုတာကလည်း ကျွန်တော့်ကာရိုက်တာတွေထဲမှာ မရှိသေးဘူးဆိုပြီး လုပ်လိုက်တာပါ။

မေး - မော်ဒယ်ကနေလာခဲ့တဲ့ ကိုအောင်ရဲလင်းရဲ့ သရုပ်ဆောင်နဲ့ မော်ဒယ်ဘဝကို ဘယ်လိုခံယူဖြတ်သန်းပါသလဲ။

ဖြေ - မော်ဒယ်ဘဝကို ကျွန်တော်ဘယ်တော့မှ မမေ့ပါဘူး။ ကိုဂျွန်လွင်ဆီ မရောက်ဘူးဆိုရင် ဒီအနုပညာလောကထဲကို ရောက်လာစရာမရှိပါဘူး။ တိုက်ဆိုင်မှုရှိရင် ပြန်လုပ်ဖြစ်မှာပါ။ ကျွန်တော်မော်ဒယ်ကိုလည်း နှစ်သက်ပြီး သရုပ်ဆောင်အလုပ်ကိုလည်း ဝါသနာပါတယ်။

မေး - စာမျက်နှာပေါ်မှာ အတွေ့ရနည်းတယ်နော်။ ဘာကြောင့်လဲ။

ဖြေ - ကျွန်တော်က ပွဲသိပ်မတက်ဖြစ်ဘူး။ မဖြစ်မနေတက်ရမယ့်ပွဲလောက်ပဲသွားတာ။ နောက်ပိုင်းတော့ ပွဲတွေတက်မှာပါ။ ကားရိုက်နဲ့ တိုက်နေရင်တော့ ကားရိုက်တာကိုပဲ ဦးစားပေးလိုက်တာများတယ်။

မေး - အနုပညာရှင်တစ်ယောက် ဖြစ်သွားပြီးတဲ့နောက်ပိုင်းမှာ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲသွားတယ်လို့ ထင်တဲ့အရာက ဘာဖြစ်ပါသလဲ။

ဖြေ - အနေအထိုင်၊ အသွားအလာ၊ အပြောအဆို အားလုံးဆင်ခြင်ရတယ်လေ။ အဲဒီအပေါ်တော့ Pressure မထားပါဘူး။ အရမ်းလုပ်ချင်ပြီး အခြေအနေကြောင့် ထိန်းလိုက်ရတာမျိုး ကျွန်တော့်မှာ မရှိဘူး။ လုပ်ချင်ရင်လုပ်တာပဲ။ ဒါပေမယ့် ကိုယ်လုပ်တဲ့အရာတစ်ခုက ကိုယ့်ကိုလည်း မထိခိုက်ဘူး။ ကုမ္ပဏီနဲ့ မိသားစုကို မထိခိုက်ဘူးဆိုရင်တော့ အဆင်ပြေတာပေါ့။

မေး - သရုပ်ဆောင်မှုအပိုင်းမှာ ကိုယ့်မျက်နှာရဲ့ ဘယ်အစိတ်အပိုင်းက အားသာချက်ရှိတယ်ထင်လဲ။

ဖြေ - မျက်လုံးလို့ထင်ပါတယ်။ ဒါပေမယ့် သူများတွေနဲ့ယှဉ်ရင် အများကြီးလိုပါသေးတယ်။

မေး - အနုပညာလောကထဲကနေ ဘယ်လိုသင်ခန်းစာတွေ ရခဲ့ပြီလဲ။

ဖြေ - ကျွန်တော့်ရဲ့ အနုပညာလမ်းအစဟာ ကြမ်းတမ်းပြီး ဘယ်လောက်ခက်ခဲတယ်ဆိုတာ သိခဲ့ရတယ်။ အရင်က သူများပြောတာဆိုတာတွေလည်း ခံခဲ့ရတယ်။ အဲဒါတွေက အားတွေပဲ။ အရမ်းလွယ်နေရင်လည်း တန်ဖိုးထားချင်မှ ထားမှာ။ ခက်ခဲမှ ဒီအလုပ်က တန်ဖိုးရှိတယ်၊ မရှိဘူးဆိုတာ ကိုယ်ပဲသိမှာပါ။

မေး - အနုပညာအလုပ်ထဲမှာ တခြားဘာတွေလုပ်ချင်သေးလဲ။

ဖြေ - အသက်နည်းနည်းကြီးလာရင် ဒါရိုက်တာလုပ်ဖို့ ရည်မှန်းထားပါတယ်။

မေး - Facebook က အောင်ရဲလင်းနာမည်နဲ့ Fun Page က အစစ်လား။

ဖြေ - Aung Ye Lin ဆိုတဲ့ Facebook ကအစစ်ပါ။ ကျွန်တော် ထွက်ပြီးသမျှ ကားတွေကို ပရိသတ်တစ်ယောက်က တစ်ကားချင်းစီ သုံးသပ်ပြထားတာရှိတယ်။ အဲဒါ ကျွန်တော့ Facebook အစစ်။ အတုသုံးလေးခုလောက် မြင်ဖူးတယ်။ ပရိသတ်တွေကို တစ်ခါတစ်လေ စကားပြန်ပြောပါတယ်။ G-talk ကို သိပ်တော့မသုံးဖြစ်ဘူး။ Facebook ကတော့ တက်ဖြစ်ပါတယ်။
(၂၀၁၀ခုနှစ် ဇူလိုင်လ ၁ရက်နေ့ထုတ် 7 Day News ဂျာနယ်)

## ကောလဟာလဆိုတာ ဘယ်သူမပြုမိမိမှုပဲဆိုတဲ့ Lဆိုင်းဇီ

မေး- အဆွေးသီချင်းလို အေးအေးလေးတွေပဲရွေးဆိုဖြစ်တာက အကြောင်းရှိလား။

ဖြေ- အဆွေးသီချင်းလို အေးအေးလေးတွေဆိုဖြစ်တာက အရမ်းကြိုက်လို့ပါ။ ခံစားချက်ရှိတာလည်း ပါတယ်။ နောက်ပြီး တချို့ပရိသတ်တွေကလည်း ဆိုင်ဇီအသံနဲ့ အဲဒီလိုသီချင်းအေးအေးတွေနဲ့ပဲ လိုက်တယ်လို့ ပြောကြတယ်။ ဆိုင်းဇီကိုယ်တိုင်လည်း ပြန်ကြည့်ဖြစ်တယ်။ အသံကိုက သီချင်းမြူးတာတွေနဲ့ သိပ်မလိုက်ဘူး။

မေး- ဗွီဒီယိုဘက်မှာ ဆိုင်းဇီပရိသတ်ရှိရဲ့သားနဲ့ ဘာလို့ရုပ်လိုက်တာလဲ။

ဖြေ- သရုပ်ဆောင်တာကျတော့ အဆိုနဲ့မတူဘူးလေ။ အရမ်းအချိန်ပေးရတယ်။ ပြီးတော့ ကိုယ်တိုင်က အဆိုကို ပိုဦးစားပေးချင်လို့ပါ။ နောက်ပြီး ရှိုးပွဲတွေကလည်း ဆက်နေတော့ အဲဒီဘက်ကို မလှည့်နိုင်သေးဘူး။

မေး- ဒါဆို ဆိုင်းဇီသရုပ်ဆောင်တာကို ကြည့်ချင်ပါတယ်ဆိုတဲ့ သူတွေကို။

ဖြေ- ရိုက်ထားပြီး မထွက်လာသေးတဲ့ကား တစ်ကားနှစ်ကားတော့ ရှိပါသေးတယ်။ တဖြည်းဖြည်းတော့ ထွက်လာမှာပေါ့။

မေး- ပြည်ပရှိုးသွားမယ်ကြားတယ်။ ဘယ်လောက်ကြာမှာလဲ။

ဖြေ- ဘယ်လောက်ကြာမလဲဆိုတာတော့ မသိသေးဘူး။ မြို့ကတော့ စီစဉ်ထားတာ ရှစ်မြို့လောက်တော့ရှိတယ်။ ဘယ်မြို့တွေလဲဆိုတာတော့ မသေချာသေးပါဘူး။ အခုမှ အစီအစဉ်ဆွဲနေတုန်

မေး- ပြည်ပထွက်တဲ့ အနုပညာရှင်တွေဆိုရင် ကောလဟာလပိုထွက်တတ်တော့ ဆိုင်းဇီသာ အဲဒီလိုကြုံရင် ဘယ်လိုတုံ့ပြန်မှာလဲ။

ဖြေ- ဘယ်လိုတုံ့ပြန်မလဲဆိုတော့ ကောလဟာလဆိုတာကတော့ ဘယ်သူမပြုမိမိမှုပဲလေ။ ကိုယ်က အနေအထိုင်ဆင်ခြင်းမယ်။ အဆင်ပြေပြေ နေထိုင်မယ်ဆိုရင်တော့ ဘယ်သူမှ ပြောမယ်တေ

မေး- ခွဲစိတ်ပြုပြင်လိုက်တော့ နေရထိုင်ရတာ ကိုယ့်ကိုယ်ကိုယ် ပိုယုံကြည့်မှုရှိလာတယ်လို့ ခံစားရလား။

ဖြေ- ကိုယ်ကလှချင်လို့ လုပ်တာပဲလေ။ လူတွေက လှလာတယ်လို့ ပြောတော့ ပျော်တာပေါ့နော်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုက ထူးထူးခြားခြားကြီးပြောင်းလဲသွားတာတော့ မရှိပါဘူး။

မေး- ဒါဆို ဘုရားပေးတဲ့အတိုင်းပဲ ကောင်းပါတယ်ဆိုပြီး ခွဲစိတ်ရမှာ ဇာကာက်နေတဲ့သူတွေကို ဘာပြောချင်လဲ။

ဖြေ- မလုပ်ရဲဘူးဆိုတဲ့ သူတွေကိုတော့ ကိုယ်ကလှချင်တယ်ဆိုတော့ အနာခံ။ အနာခံမှ လှမယ်ဆိုရင်တော့ အနာခံရမှာပေါ့။ ဆိုင်းဇီလည်း ကြောက်တာပဲလေ . . . နော်။

မေး- ဒါဆို နောက်ထပ်ဘယ်အစိတ်အပိုင်းတွေ ပြုပြင်ချင်သေးလဲ။

ဖြေ- ဟင့်အင်း . . ။ တော်ပါပြီ။ ဒါတောင် ကြောက်ရဲ့သားနဲ့ မနည်းကြိတ်မှိတ်လုပ်ခဲ့ရတာ။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၂ရက်နေ့ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်)